mmcybermedia.com

# စုန်းကိုက်ခံရတဲ့သစ်သီး

## (တာရာမင်းဝေ)




စာစစ် ၊ စာရိုက် - ညီစေမင်း

Design & PDF - grammephyo

# (တာရာမင်းဝေ)
## စုန်းကိုက်ခံရတဲ့သစ်သီး

### လိပ်ပြာ

(၁)

"လုံထမ်းလာတာ မြင်ရတယ်။ ကံထမ်းလာတာ မမြင်ရဘူးလို့ စကားပုံရှိတယ်။ တကယ်တော့ လေကား ထမ်းလာတာကိုလည်း မမြင်ရဘူးကွ" သူက အဲဒီလိုပြောတော့ ကျွန်တော်လည်း ကြောင်အမ်းအမ်း ဖြစ်သွားတယ်။ "လေကား ထမ်းလာတာကို ဘာလို့မမြင်ရမှာလဲဗျ၊ ခင်ဗျား ရူးနေလို့လား" အဲဒီအခါ သူက မချိုမချဉ်ပြုံးပြီး ကျွန်တော့်ကို ပြန်ပြောတယ်။ သူ့စကားကတော့ အတိုင်းအတာ တစ်ခုထိ ဒဿနဆန်သယောင်၊ လေးနက်သယောင် ရှိပါလေရဲ့။ "လူတွေက လေကားတစ်စင်းစီ ထမ်းထားကြတယ်ကွ။ ဒီဘဝကနေ သေလွန်သွားတဲ့အခါ တချို့က အဲဒီလေကားနဲ့ နတ်ပြည်ကို တက်သွားကြပြီး တချို့ကတော့ အဲဒီလေကားနဲ့ပဲ ငရဲပြည်ကို ဆင်းသွားကြတယ်" ကျွန်တော်က ဘာမှပြန်မပြောဘဲ သူ့ကိုကြည့်နေတဲ့အခါ သူက မီးခိုးငွေ့တွေကို တဖြည်းဖြည်းချင်း မှုတ်ထုတ်ပြပါတယ်။ ဆေးလိပ်က ပြာတွေကို တောက်ချရင်း မီးခိုးငွေ့တွေကြားထဲမှာပဲ မသဲမကွဲဆိုခဲ့တယ်။ "လူတွေဟာ ကိုယ်လေကား ကိုယ်ထမ်းထားကြတာကွ" အဲဒီလိုနဲ့ သူဟာကိုယ်ကျင့်တရားကို လေးစားသူတစ်ယောက်အဖြစ် လောကကြီးမှာ ကုတ်ခြစ်ရပ်တည်ခဲ့တယ်။ ကျွန်တော့်ဘဝရဲ့ ဖြစ်စဉ်တွေကို ပြန်စဉ်းစားတဲ့အခါ မေ့လျော့နေတာတွေ အများကြီးပါပဲ။ အနည်းအကျဉ်း မှတ်မိသမျှလေးတွေထဲမှာတော့ သူဟာ ကိုယ်ကျင့်တရား တည့်မတ်သူတစ်ယောက်ဆိုတာကို လင်းလင်းချင်းချင်း တွေ့မြင်ရပါတယ်။ ဒါပေမယ့် တစ်နေ့မှာတော့ သူဟာ မကောင်းမှု တစ်ခုကို ပြုကျင့်ခဲ့တယ်။ သူပြုတဲ့ မကောင်းမှု ကတော့ အောက်ပါအတိုင်းဖြစ်ပါတယ်။

(၂)

အဲဒီနောက်ပိုင်း ညတစ်ညရဲ့ သန်းခေါင်ယံမှာ သူဟာ ထူးဆန်းတဲ့ အိပ်မက်တစ်ခုကို မြင်မက်ခဲ့ပါတယ်။ သူ့အိပ်မက်ထဲမှာ သူဟာ ကျောက်ချောခေတ်က လူရိုင်းတစ်ယောက်ကို ပြတ်သားကြည်လင်စွာ တွေ့နေရပါတယ်။ အဲဒီလူရိုင်းဟာ တစ်စုံတရာကို ပစ်ခတ်ဖို့ ဒူးလေးကို ခေါင်းငုံ့ပြီး ပြင်ဆင်နေပါတယ်။

နောက်.... တဖြည်းဖြည်း ခေါင်းမော့လာပြီး လူရိုင်းက အိပ်မက်မက်သူကို စေ့စေ့ကြည့်လေရဲ့။ သူလည်း အံ့သြသွားတယ်။ အဲဒီမှာပဲ လူရိုင်းက သူ့ကို ဒူးလေးနဲ့ စနစ်တကျ ချိန်ရွယ်လိုက်တယ်။ သူအကြီးအကျယ် ထိတ်လန့်သွားပြီး လက်နဲ့ကာ ဟန့်တား၊ အိပ်ရာက အမြန်ဆုံး လူးလဲထဖို့





ပြင်လိုက်တယ်။ ဒါပေမယ့် အဲဒီမှာပဲ လူရိုင်းက ဒူးလေးကို ရွတ်ခနဲ မောင်းဖြုတ်လိုက်တယ်။ မြားချွန်က သူ့ခန္ဓာကိုယ်ထဲကို တန်းလန်းထိုးဖောက်သွားစဉ်မှာပဲ အားခနဲ အသံနက်ကြီးနဲ့ ကြုံးအော်ရင်း သူလန့်နိုးသွားတယ်။

သူတစ်ကိုယ်လုံးချွေးတွေ ပြိုက်ပြိုက်စီးကျနေတယ်။ သူ့ရင်ဘတ်ကို ငုံ့ကြည့်၊ သူတစ်ကိုယ်လုံးကို လက်နဲ့စမ်းကြည့်ပြီး နေတော့တယ်။ အဲဒီညက သူပြန်အိပ်လို့ မရတော့ဘူး။ နာရီသံချောင်းခေါက်သံဟာ မာရ်နတ်ရဲ့ စောင်းကြိုးခတ်သံလို သူ့ကို ညို့ငင်ချောက်လှန့်နေတယ်။

(၃)

အဲဒီလို ပြင်ထန်ရက်စက်တဲ့ အိပ်မက်တစ်ခုကို ရက်ပိုင်း အတွင်းမှာပဲ သူ ထပ်မက်သေးတယ်။ အဲဒီအိပ်မက်ထဲမှာ ကြမ်းကြုတ်တဲ့ပုံရတဲ့ လူတစ်ယောက်က သူ့ကို ကျောပေးပြီး လက်ပစ်ဗုံးကို ပင်အပ် ကိုက်ဖြုတ်နေတယ်။

နောက်ပြီးတော့မှ ချာခနဲလှည့်ပြီး ကြည့်နေမိတဲ့ သူ့ကို လက်ပစ်ဗုံးနဲ့ ပစ်ပေါက်လိုက်တယ်။ သူက ပါးစပ်ကြီး အဟောင်းသားနဲ့ ကြည့်နေမိတဲ့အချိန်မှာပဲ လက်ပစ်ဗုံးဟာ သူ့ရင်ဘတ်ထဲကနေ ဝုန်းခနဲ ပေါက်ကွဲသွားတယ်။

သူ့တစ်ကိုယ်လုံး အပိုင်းအစတွေအဖြစ် လွင့်စဉ်သွားသလို ခံစားရပြီး သွေးရူးသွေးတန်း သူနိုးလာတယ်။ နိုးနိုးချင်း နားတွေ အူဝေနေပြီး အခန်းထဲမှာလည်း ယမ်းနံ့တွေ နံနေသလိုပဲ။ သူ မရဲတရဲ ထရပ်ပြီး လက်တွေနဲ့ လေကို ဖမ်းကိုင်နေမိတယ်။ "ဘုရား...ဘုရား.." လို့ ပါးစပ်က တမိပေမယ့် မသဲမကွဲလို့ သူ့ဘာသာတောင် ပြန်မကြားခဲ့ပါဘူး။

(၄)

နောက်ဆုံး.... အိပ်မက်ကတော့ ကြောက်မက်ဖွယ်ရာ အကောင်းဆုံး၊ သူလည်း အခံစားရဆုံးပါပဲ။ ရှင်းလင်းသိပ်သည်းတဲ့ ညတစ်ည။ သူ နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျနေတုန်းမှာ အမှောင်ထဲက လက်တစ်ဖက်ကို မြင်လိုက် ရတယ်။

အဲဒီ လက်ဟာ မှောင်ရိပ်ထဲမှာ ပါးပျဉ်းထောင်လာတဲ့ မြွေတစ်ကောင်လို ဖြည်းဖြည်းချင်း စတင်လှုပ်ရှားတယ်။ အဲဒီလက်က သူ့ရင်ထဲကိုဖောက်ပြီး ဝင်လာတယ်။ နောက်တော့ အဲဒီလက်က သူ့နှလုံးသားရှေ့တည့်တည့်မှာ ရပ်လိုက်တယ်။ သူ ကြည့်နေဆဲအချိန်မှာပဲ အဲဒီ လက်ချောင်းတွေက သူ့နှလုံးသားကို "ဖျန်း"ခနဲ ပါးရိုက်ပစ်လိုက်တယ်။

"အား...."

သူ့နှလုံးသားဟာ နာကျင်စွာ တရှုံ့နစ်နစ် အော်ဟစ်လိုက်ရင်း ကြေးစည်လို ချာလည်လည်သွားတယ်။ သူလည်း အမှောင်ထဲမှာ ရေနစ်နေပြီး သေအံ့မူးမူးနဲ့ပဲ အမှောင်ကို တဖောင်းဖောင်းကူးခတ်၊ ခြေကုန်လက်ပန်းကျ မောလျလို့ အငွေ့ပျံပျောက်ကွယ်သွားတော့တယ်။

နိုးလာတော့ ရှုးမတတ်ပဲပေါ့။ ဝူးဝူးဝါးဝါး ရေမွှန်းထားတဲ့ သမင်ကြီးလို အသက်ကို အလုအယက်ရှူရင်း မျက်လုံးတွေကလည်း ဖန်လုံးတွေလို ကြောင်စီနေတယ်။ အတော်ကလေး ကြာတော့ သွေးစုပ်ဖုတ်ကောင်က သူ့အခေါင်းထဲမှာ မျက်လုံးပြန်မှိတ်သွားသလိုမျိုး သူလည်း ခုတင်ထက်မှာ မျက်လုံးတွေပြန်မှိတ်သွားတယ်။ခေါင်းရင်းက အိပ်ဆေးပုလင်းကတော့ အခွံလောက်ပဲ ကျန်ရစ်လေရဲ့။

(၅)

သူနဲ့ကျွန်တော် ကွဲကွာနေတဲ့ အဲဒီအချိန်တိုလေးအတွင်းမှာပဲ သူဟာ အိပ်မက်များနဲ့ ထပ်ကာတလဲလဲ အိုမင်းခဲ့ပြီဖြစ်တယ်။

သူ့အဖြစ်အပျက် အကုန်အစင်ကို သူပြောပြလို့ သိပြီးတဲ့အခါမှာ ကျွန်တော်က ပေါ့ပါးလွယ်ကူတဲ့ စိတ်ပညာ ကုထုံးတစ်ရပ်ကို အမှတ်မထင် ပြောပြလိုက်တယ်။

"ဒါ မခက်ပါဘူးဗျာ၊ အိပ်မက်ထဲမှာပဲ ခင်ဗျား သူတို့ကို အကျိုးအကြောင်းပြေပြေ တောင်းပန်လိုက်ပေါ့..."

သူ တွေဝေသွားတယ်။ ပြီးမှ လေးနက်သွားတဲ့ မျက်နှာနဲ့ ခေါင်းတစ်ချက် ညိတ်ပြရင်း ပြန်သွားတယ်။ဒါပေမယ့် နောက်တစ်ပတ်လောက်ကြာလို့ သူနဲ့ ပြန်တွေ့တဲ့အချိန်မှာပဲ လွယ်ကူမယ်ထင်ရတဲ့ ကိစ္စဟာ ပြန်ခက်သွားတာကို တွေ့ရတယ်။ သူက ကျွန်တော့်ကို မျက်နှာနွမ်းနွမ်းနဲ့ ခေါင်းခါပြတယ်။

"မရပါဘူးကွာ..."

"ဘာလို့ မရတာလဲ...."

သူက ကျွန်တော့်ကို ခပ်မောမောကြည့်ရင်း တိုးတိုးပြောတယ်။

"ငါ့အိပ်မက်ထဲ ငါပြန်ဝင်လို့မှ မရပဲကွ"

ကျွန်တော် ရယ်လည်း ရင်ချင်၊ ငိုလည်း ငိုချင်သွားတယ်။

(၆)

"အဲဒါဆိုရင်တော့ သေတဲ့အခါ ခင်ဗျားလေ့ကားနဲ့ ခင်ဗျား ငရဲပြည်ကို ဆင်းသွားရတော့မှာပဲ...."

သူမျက်နှာ ဖြူရော်သွားတယ်။ ပြီး ... ကြောက်ကန်ကန်သလို ပြန်ပြောတယ်။

"အဲဒီအခါကျတော့လည်း ယမမင်းကို ရှင်းပြရမှာပေါ့ကွာ...."

"ရင်ဆိုင်ရဲသားပဲ" လို့ တွေးမိပြီး ကျွန်တော် သူ့ကို ခပ်မဆိတ် ကြည့်နေလိုက်တယ်။ သူ နဖူးကြော်ရှုံ့ပြီး စဉ်းစားနေတယ်။ သူ့မျက်နှာမှာလည်း အရိပ်အရောင်တွေ အမျိုးမျိုး ဖြတ်ပြေးနေတယ်။ အတော်ကြာမှ ဖြည်းဖြည်းချင်း ခေါင်းခါလာတယ်။

"ဒါလည်း မဖြစ်သေးဘူးကွ..."

"ဘာဖြစ်လို့ မဖြစ်တာလဲ..."

"ယမမင်းကို ရှင်းပြတဲ့အချိန်မှာ ဘာပဲပြောပြော ငါက ငရဲကျနေပြီကွ၊ မကောင်းဘူး..."

သူ့ကို မစာနာတာ မဟုတ်ပါဘူး။ ကျွန်တော် ရယ်မိတော့တယ်။ အရယ်တစ်ဝက်နဲ့ပဲ ကျွန်တော် ဗလုံးဗထွေး ပြောလိုက်တယ်။

"အဲဒါဆိုရင်တော့ ခင်ဗျား ကောင်းမှုတစ်ခု ပြန်လုပ်ရ လိမ့်မယ်"

"ဘာလဲ..."

ကျွန်တော်ပြောပြတဲ့ ကောင်းမှုကိစ္စကတော့ အောက်ပါ အတိုင်းဖြစ်ပါတယ်။

"....................................................................................."

( ၇ )

အဲဒီနောက်ပိုင်းကာလမှာတော့ သူဟာ တိမ်စင်သွားတဲ့ ကောင်းကင်ဖြူလို ပြန်ပြီး ကြည်လင်လာပါတော့တယ်။ သူ့အိပ်မက်တွေ အပြစ်ကင်းသွားပါပြီ။အရင်ကထက်တောင် ပိုပြီး တည်ငြိမ်လာပါတယ်။ သူ့ရဲ့ စိတ်ပိုင်းဆိုင်ရာ ပြန်လည် ရှင်သန်လာမှုအတွက် ကျွန်တော်လည်း ကြည်နူးဝမ်းသာရပါရဲ့။သူ့လက်ထဲမှာ "အက်အင်ဂိုအင်ကာရဲ့"ရဲ့ စာအုပ်လေးတွေ တစ်အုပ်မဟုတ် တစ်အုပ်ကိုင်ထားတတ်တာကို တွေ့ရပါတယ်။ ကာလအတော်ကြာတဲ့အထိ ကျွန်တော်ကလည်း အလိုက်တသိနဲ့ သူ့အိပ်မက်ဆိုးတွေအကြောင်း ပြန်မဖော်ခဲ့ပါဘူး။ တစ်နေ့တော့ သူနဲ့လမ်းမှာဆုံတယ်။ ဘုရားက ပြန်လာတယ်ဆိုလို့ ကျွန်တော်က လှမ်းစလိုက်တယ်။

"ငရဲပြည်က ပြန်တက်လာသူကြီး... ဘာဆုတောင်းခဲ့သလဲ" သူက သူ့ဆုတောင်းကို တည်ကြည်စွာ ပြောပြသွားတယ်။လမ်းတစ်လျှောက်လုံးမှာ သူဆုတောင်းကို ကျွန်တော် အလေးအနက် စဉ်းစားလာမိတယ်။ဟုတ်တယ်။ သူဆုတောင်း သိပ်မှန်တယ်။ လူ့ဘဝမှာ ဒါလောက်ကလေးရမယ်ဆိုရင်ကို တကယ်တော့ နေပျော်သင့်ပါပြီ။ ကျွန်တော်လည်း သူ့လို ဆုတောင်းရလိမ့်မယ်။

( ၈ )

"အရှင်ဘုရား

ဤမှန်သော သစ္စာစကားတို့ကြောင့် "လိပ်ပြာ" သန့်သော အိပ်မက်များကိုသာ မြင်မက်ရပါလို၏

ဝတ်ပြုတောင်းစဉ်....

ညင်သာတဲ့ ခေါင်းလောင်းသံလွင်တွေကို ကြားနေရတော့တယ်။ ။

## လကွယ်မှတ်တမ်း

( ၁ )

ကိုယ်နှုတ်ခမ်းကိုယ်ကိုက်၊ ရင်ဘတ်ကို ဖောက်ပြီး နှလုံးသားထဲကနေ ထိုးအန်ချလိုက်တယ်။ "ဘာဘုံ" နာမည်တပ်တပ်၊ မိုးကောင်းကင်ရဲ့ ခြေသုတ်ခုံမှာတော့ ကျွန်တော် တက်မရပ်တော့ဘူး။ ကျွန်တော် လူညံ့ပဲ လုပ်တော့မယ်။

( ၂ )

ငယ်ငယ်ကဆိုရင် ကျွန်တော်ဟာ ပုံပြင်တွေကို သိပ်ကြိုက်ပါတယ်။ အမေကလည်း ပုံပြောကောင်းသူ တစ်ယောက်ပါ။ ဒါပေမယ့် ညစဉ်ရက်ဆက် ဖြစ်လာတဲ့အခါ အမေ့မှာ ပုံပြင်ရှားလာပါတယ်။ သူပြောဖူးတဲ့ ပုံပြင်တွေကိုလည်း ကျွန်တော်က မှတ်မိနေတတ်တော့ အမေလည်း အခက်ကြုံရတာပေါ့။ တစ်ညမှာတော့ အမေက ကျွန်တော့်ကို ပုံပြင်မဟုတ်တဲ့ အကြောင်းအရာတစ်ခု ပြောပြလာတယ်။ အပြင်မှာ တကယ်ဖြစ်ပျက်ခဲ့ပြီး ဘာကြောင့်ရယ်လို့ ဘယ်သူကမှ မဝေခွဲနိုင်တဲ့ ကိစ္စလေးတစ်ရပ်ပါ။ အဲဒီထဲက ဇာတ်ကောင်ကတော့ ဦးပိုက်နွယ်တဲ့။ အမေတို့နေတဲ့ ရွာကလေးမှာ ဦးပိုက်နွယ်ဟာ တစ်ဦးတည်းသော ပညာတတ်ပါပဲ။ မြို့ကိုသွာပြီး ရွာမှာ ပြန်လာနေပေမယ့် ဘယ်သူနဲ့မှ မရင်းနှီးအောင် တစ်သီးတစ်သန့် ရပ်တည်ခဲ့ပါတယ်။ ဘွားဘွားတို့ အပါအဝင် ရွာကလေးရဲ့ လူကြီးသူမတွေဟာ သူ့ကို နားမလည်ခဲ့ကြပါဘူး။ သူဟာ နှစ်ပေါင်းများစွာ ရွာကိုစွန့်ခွာပြီး သူစိမ်းဆန်စွာ ရွာကို ပြန်ရောက်လာတဲ့ သူပေါ့။ တက္ကသိုလ်ပညာ တစ်ပိုင်းတစ်စ သင်ခဲ့ဖူးတယ်ဆိုတဲ့ သူ့အတွက် ရွာကလေးက ဂုဏ်ယူမိပေမယ့် သူကတော့ သူ့ကိုယ်သူ ပြန်သိုဝှက်လွန်းလှပါတယ်။ သူ့တဲလေးဟာ ရွာအစွန်မှာရှိပြီး သူက ညဘက်ကျမှ လရောင်ရှိရာသို့ ထွက်လာတတ်ပါတယ်။ သူရဲ့ဘကြီးဖြစ်သူက ရွာမှာ ပြည့်စုံပြီး ဩဇာညောင်းလွန်းသူမို့ သူရဲ့ စားဝတ်နေရေးဟာလည်း ပူပန်စရာမရှိခဲ့ပါဘူး။ ဒါပေမယ့် သူ့ဘကြီးကိုယ်တိုင်ဟာလည်း သူ့အကြောင်း တွေးမိရင် ကွမ်းအစ်ကြီးရှေ့ချပြီး ခေါင်းကိုသာ ယမ်းခါနေတတ်တယ်။

ဦးပိုက်နွယ်က သိပ်ကို ထူးဆန်းတယ်။ညကောင်းကင်မှာ ပုံသဏ္ဍာန်အမျိုးမျိုးနဲ့ သာနေခဲ့တဲ့ လမင်းကိုပဲ သူက မြေပြင်ပေါ်ကနေ ကျွမ်းကျွမ်းဝေဝေကြည့်နေတတ်တယ်။ အဲဒါဟာ တစ်ခါတလေ မဟုတ်ဘူး။ လကိုမြင်နေရတဲ့ ညတွေတိုင်းမှာပါပဲ။ နီးစက်သူ တစ်ယောက်စ၊ နှစ်ယောက်စက ဘာကြောင့်လဲဆိုတဲ့ အကျိုးအကြောင်းကို သူ့ဆီ မေးကြည့်ကြပေမယ့် အဖြေကိုတော့ လုံးဝ မသိခဲ့ပါဘူး။ သူကတော့ ညပေါင်းများစွာမှာ လမင်းကိုသာ ငေးကြည့်နေခဲ့တယ်။ အဲဒီလိုနဲ့ သူ့တဲရှေ့က သစ်ပင်အိုဟာ သူ့အတွက် လမင်းမျှော်စင်ပမာ ဖြစ်နေခဲ့တယ်။သူဟာ အရပ်ရှည်တယ်။ အသားအရေ ဖြူဝင်းစိုပြည်တယ်။ အမူအရာအားဖြင့် သွယ်ပျောင်းနူးညံ့ပြီး





အညိုရောင်ကို အမြဲတမ်းလို ဝတ်တတ်တယ်။ အကျင့်တစ်ခုလို ပြောစရာရှိတာကတော့ သူ့လက်ထဲမှာ ရိုးတံရှည်တဲ့ မြက်ပင်လေးတစ်ပင်ကို တစ်ချက်တစ်ချက်မှာ ဘယ်ညာလှုပ်ယမ်းရင်း လမင်းလေးကိုပဲ စိတ်ထဲက နမ်းနေတတ်တယ်။ဘာရယ်မဟုတ်ပါဘဲ သူ့ဇာတ်လမ်းက အလွမ်းဆန်တယ်။တစ်ညမှာပဲ ဦးပိုက်နွယ်ဟာ ရောဂါတစ်ခုနဲ့ ဆုံးပါးသွားပါတယ်။ သူဆုံးတဲ့ညမှာ မြေပြင်ပေါ်ကို စကြဝဠာရဲ့ နှင်းစက်တွေ ကွာကျလာတယ်။ နောက်ဆုံးအချိန်အထိ သူဟာ လမင်းကိုငြိမ်သက်ငေးမောနေခဲ့တယ်။ သူ သေဆုံးပြီးချိန်မှာ လရောင်ခြည်က သူ့ရုပ်အလောင်းပေါ် ရွှန်းလဲ့ဝေဝေ စီးကျလာတယ်။ သူဟာ ပညာရှိတွေ လက်ထဲက ပဟေဠိဝှက်တဲ့ ကဗျာတစ်စလိုပါပဲ။ ရွာကလေးကို ခက်ဆစ်စာလုံးတွေ ပေးခဲ့ပြီး ပြန်မလာမဲ့ အဝေးခရီးကို ထွက်ခွာသွားခဲ့ပါတော့တယ်။

"ပြီးတော့ ... ဘာဆက်ဖြစ်လဲ အမေ"

"အဲဒါပဲလေ သားရဲ့၊ အမေတို့လည်း ဘာမှန်း မသိဘူး"

"ဟာ...."

ကျွန်တော်ကတော့ မကျေမချမ်း ဖြစ်သွားမိပါတယ်။ အဲဒီည အိပ်စက်ချိန်မှာ ခေါင်းအုံးလေးဟာ ကျွန်တော်ကို ထမ်းထားရတာ ခါတိုင်းထက်ပိုလေးပါလိမ့်မယ်။ အတွေးနက်နက်တွေ ခေါင်းထဲမှာ လှည့်လည် ချီတက်နေလို့ပေါ့။နောက်တော့လည်း.... ကျွန်တော်တဖြည်းဖြည်းနဲ့ ဦးပိုက်နွယ်ကို မေ့သွားတယ်။ လက်တွေ့ဆန်တဲ့ လောကထဲမှာ နေရောင်ဆီမီးရောင်ကို ခိုလှုံပွေ့ဖက်ရင်း လရောင်ခြည်နဲ့ ဝေးနေခဲ့တယ်။ တိုက်ဆိုင်တာရှိမှ ဦးပိုက်နွယ်ရဲ့ အဖြစ်ကို သတိရတတ်တယ်။ ဒါပေမယ့် နည်းပါးလွန်းပါတယ်။ အဲဒီလိုနဲ့.... ခက်မာကျစ်လျစ်တဲ့ ပိတောက်ပင်ပေါက်လေးလိုပဲ။ ကျွန်တော်လည်း တစ်စတစ်စ အရွယ်ရောက်လာပါတော့တယ်။

( ၃ )

ကျွန်တော့်မိသားစုက ဆင်းရဲပါတယ်။ မပြေလည်တဲ့ စီးပွားရေးကို ကြမ်းကြမ်းတမ်းတမ်း ရင်ဆိုင်ရင်း ကျွန်တော်လည်း အရိုးတွေ ခိုင်လာခဲ့တယ်။ ချို့တဲ့တဲ့ ကျောင်းသားဘဝမှာ ကျွန်တော့်အတွက် မမေ့နိုင်စရာတွေက စည်ဝေလို့ပါပဲ။ ဒါပေမယ့် မမေ့နိုင်ဆုံး ညတစ်ည၊ ကျွန်တော့် ဘဝကို ပြောင်းပြန် လှည့်ပစ်ခဲ့တဲ့ ညတစ်ည ရှိခဲ့ဖူးပါတယ်။ အဲဒီညမှာပဲ မိုးပေါ်က လဟာ အလိုလျောက် ပျောက်ကွယ်သွားတယ်။ အဲဒီညကတော့ .... ကျွန်တော့်တို့ ဆယ်တန်း ကျောင်းသားတွေ စာမေးပွဲ အောင်စာရင်းထွက်မယ့် ညပါပဲ။ကျွန်တော်တို့မြို့ကလေးရဲ့ အစဉ်အလာအရ ဆယ်တန်းတွေ အောင်စာရင်းထွက်ရင် မနက်ကျမှ စာရွက်ကပ်တာ မဟုတ်ဘဲ ညကတည်းက လော်စပီကာနဲ့ အော်ကြေညာပေးပါတယ်။ ညနေဦးကတည်းက မနက်ကျ ဆယ်တန်းတွေ အောင်စာရင်း ထွက်မယ်ဆိုတဲ့ သတင်းဟာ တစ်မြို့လုံးကို ပျံ့နှံ့လှုပ်နှိုးထားပါတယ်။ စက်ဘီးတွေ ဟိုဟိုသည်သည် ရှုပ်ယှက်ခတ်ပြေးလွှားပြီး ဆယ်တန်းဖြေထားတဲ့ ကျောင်းသားတွေလည်း အုပ်စုလိုက်

ရင်ခုန်နေကြပါပြီ။ အမေ့ကို ခွင့်တောင်းပြီး ညီအစ်ကို မသိတသိအချိန်မှာ ကျွန်တော် လမ်းပေါ် ထွက်လာခဲ့ပါတယ်။ လူရှင်းတဲ့လမ်းဘက်က ပတ်လျှောက်ရင်း ကျွန်တော်တစ်ယောက်တည်း တအုံနွေးနွေးတွေးလာခဲတယ်။ ကျွန်တော့်ရင်ထဲမှာလည်း အရက်ပြင်းတစ်ခွက် သောက်ထားသလို ပူရှနေတယ်။ အဓိက,ကတော့ အချက်သုံးချက်ပါပဲ။

(၁) ကျွန်တော်တို့မြို့ကလေးမှာ သိပ်လှတဲ့ ကောင်မလေးတစ်ယောက်ရှိတယ်။ အဲဒီကောင်မလေးဟာ အစိမ်းရောင်ဖိနပ်တွေကိုပဲ စီးလေ့ရှိတယ်။ အဲဒီကောင်မလေးကို ကျွန်တော့်ဘက်က ငြိတွယ်မိလာတော့ ကောင်မလေးက ကျွန်တော့်ကို စကားပြန်တယ်။ ဒီဆယ်တန်းစာမေးပွဲကို ထူးထူးချွန်ချွန်အောင်ခဲ့ရင် သူစဉ်းစားပေးပါမယ်တဲ့။

(၂) ကျွန်တော့်တို့ရဲ့ ကျောင်းတော်မှာ ကျွန်တော်နဲ့ စာပြိုင်ဘက်တွေရှိတယ်။ ဆယ်တန်းတို့ သဘာဝ ဂုဏ်ထူးတွေ တန်းစီအောင် ထွက်ချင်ကြတယ်။ နှုတ်ကဖွင့်မပြောပေမယ့် စိတ်ထဲကနေ စိန်ခေါ်ပွဲလို နွှဲခဲ့ကြတယ်။ အဲဒီအတွက် အဖြေဟာလည်း မကြာခင် သိလာရတော့မှာပါ။ မသဲမကွဲ နာကျင်မိတာက သူတို့က ချမ်းသာပြီး ကျွန်တော်က ဆင်းရဲလွန်းတာကိုပါပဲ။

ငွေကြေး၊ ကျူရှင်၊ စာအုပ်စာတမ်း၊ ဘဝပြေလည်မှု အစစအရာရာမှာ ကျွန်တော်ဟာ သူတို့ခြေဖဝါးအောက် ရောက်နေပါတယ်။

ကျွန်တော်က အဖေ့အလုပ်ကို လုပ်နေချိန်မှာ သူတို့က ကျူရှင်တက်နေတယ်။ ကျွန်တော်က ထင်းခွဲနေတဲ့ အချိန်မှာ သူတို့ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေပါပြီ။ စာမေးပွဲနီးလို့ သူတို့က ဆရာဝန်ခေါ်ပြီး ကျန်းမာရေးအတွက် ဆေးစစ်ချိန်မှာ ကျွန်တော်က မိသားစုအပိုဝင်ငွေအတွက် ရပ်ကွက်ထဲမှာ မီးကင်းစောင့်နေရပါတယ်။ ပြိုင်ပွဲကတော့ အခြေအနေကလေးတွေ အဲဒီလို ကွာပါတယ်။ မျက်နှာမှာ မထီတရီ ပြုံးထားပေမယ့် ကျွန်တော့်ရင်ထဲမှာ နည်းနည်းကလေး မောနေမိပါတယ်။

(၃) နောက်ဆုံးအချက်က အဆိုးဆုံးပါပဲ။ တက္ကသိုလ်မှာ ကံကော်တွေပွင့်တာ ကျွန်တော့်အတွက် မပါဘူး ထင်ပါရဲ့။ လမ်းဆုံးတော့ ရွာက ပျက်နေပါပြီ။ ဒီစာမေးပွဲ အောင်သွားပြီးလို့ရှိရင် ကျွန်တော်ရဲ့ ကျောင်းသား သက်တမ်းလည်း ပြီးဆုံးသွားပါပြီ။ အမေ့လက်တွေ ထမင်းဆက်ချက်နိုင်ဖို့ အတွက် ကျွန်တော့် ခြေထောက်တွေ အလုပ်ရှာထွက်ရတော့မှာပါ။ တာဝန်ယူနိုင်တဲ့ အသိရှိပေမယ့် သူများတကာလို တက္ကသိုလ် မတက်နိုင်တဲ့အတွက်ကြောင့် ကျွန်တော့်စိတ်ထဲမှာ အလွမ်းလှိုင်းတွေ မှိုင်းအိနေခဲ့ပါတယ်။

အဲဒါပါပဲ။ အဲဒီအခြေအနေ သုံးရပ်အရ အောင်စာရင်းလာနားထောင်ရတာ ပူလောင်ပျာပျာရှိရပါတယ်။ အဲဒီညရဲ့ သန်းခေါင်လွန်အချိန်မှာ ကျွန်တော်အပါအဝင် လူများစွာဟာ မြို့နယ်ပညာရေးမှူးရုံးရှေ့မှာ ရှိတယ်။ တာဝန်ရှိသူတွေက လော်စပီကာတွေ၊ ကက်ဆက်တွေ အသင့်ပြင်နေတဲ့အချိန်မှာ လာနားထောင်သူတွေကလည်း နေမထိ ထိုင်မသာ မငြိမ်မသက် ဖြစ်နေကြပါတယ်။

များသောအားဖြင့်တော့ အုပ်စုလိုက်တွေ လာကြတယ်။ ဆွေတွေမျိုးတွေလည်း ပါကြတယ်။ ကျွန်တော်ကတော့ တစ်ယောက်တည်း။ မှောင်ရိပ်သည်းတဲ့ တစ်နေရာမှာ မတ်တတ်ရပ်နေပါတယ်။ အဲဒီအချိန်မှာပဲ မိုးစက်ကလေးတွေ ရုပ်ရုပ်ကျလာတယ်။ လူတွေ ထီးဖွင့်ဆောင်းကြ၊ မိုးခိုကြ၊ ကိုယ်ပိုင်ကားလေးတွေထဲ ပြန်ဝင်ကြ၊ နောက် မိုးတိတ်တော့ ပြန်ထွက်လာကြ။ ကျွန်တော်ကတော့ မူလနေရာမှာပဲ ကိုယ်ပေါ်က မိုးစက်တွေကို ခါချလိုက်တယ်။

မကြာမီ အောင်စာရင်းတွေ ကြေညာတော့မယ်။ လူတွေကို ကျွန်တော် လိုက်ကြည့်နေမိတယ်။ ကျွန်တော့်ရဲ့ အစိမ်းရောင်ဖိနပ်နဲ့ ကောင်မလေးဟာ ကျွန်တော့်အရွယ် ကောင်လေးတစ်ယောက်နဲ့ ပြုံးရယ် စကားဆိုနေပါတယ်။ ကျွန်တော့်ကိုတော့ သူမြင်ပုံမရပါဘူး။ ကျွန်တော် သူတို့ကို ဆက်မကြည့်တော့ပဲ မျက်လုံးလွှဲလိုက်တယ်။ ဟိုနေရာ၊ သည်နေရာမှာတော့ ကျောင်းသား အုပ်စုများစွာဟာ ဘယ်တက္ကသိုလ်မှာ ဘယ်မေဂျာနဲ့ ဆက်တက်သင့်တယ်ဆိုတာကို တိုင်ပင်ကြတယ်။ ကျွန်တော် သူတို့ကို အားကျ ငေးမောနေချိန်မှာပဲ ကျွန်တော့် အနားကို ရွှေကျောင်းတော်က မဟာပြိုင်ဖက်တွေ ရောက်လာပါတော့တယ်။

ကျွန်တော် စိတ်ညစ်ပြီး သူတို့ဘေးက ခွာလာခဲ့တယ်။ အားငယ်သလိုလို၊ နာကြည်းသလိုလိုလည်း ဖြစ်လာခဲ့တယ်။ ဒီလူအုပ်ကြီးနဲ့ ဝေးရာကို ကျွန်တော် ထွက်လာခဲ့တော့တယ်။

အဲဒီလိုနဲ့ ကျွန်တော်ဟာ ရှင်းလင်းတိတ်ဆိတ်ပြီး အလျင်တစ်ခါမှ မရောက်ဘူးတဲ့ လမ်းကျဉ်းကလေးတစ်ခုထဲကို ရောက်သွားပါတယ်။ လမ်းဘေးခုံလေးမှာ ထိုင်ပြီး မိုးပေါ်က လမင်းကို ကျွန်တော် ငေးကြည့်နေမိတယ်။

သက်ပြင်း၊ နှင်းဝတ် နှင်းမှုံ၊ အာရုံတွေ ရှိုင်းကြွနေတဲ့ည။ ကြာလာရင် ကျွန်တော် မျက်ရည်ကျမိမယ်။

( ၄ )

ဘယ်လောက်ကြာကြာ လမင်းကို ကျွန်တော် ငေးနေမိလဲ မသိပါဘူး။ နားထဲမှာ ပင့်သက်ရှိုက်ခတ်သံကြားမိလို့ လှည့်ကြည့်လိုက်တဲ့အခါ ကျွန်တော့်နံဘေးမှာ လူတစ်ယောက် ရောက်နေပါတယ်။

"ဟင်...."

ကျွန်တော် သိပ်အံ့သြသွားတယ်။ အဲဒီလူဟာ အရပ်ရှည်ရှည် အသားအရည် ဖြူဝင်းစိုပြည်တယ်။ အညိုရောင် ဝတ်ဆင်ထားတယ်။ သူ့လက်ထဲမှာ ရိုးတံရှည်တဲ့ မြက်ကလေးတစ်ပင်ကို ကိုင်ထားတယ်။ အဲဒီမြက်ပင်လေးကို လှုပ်ယမ်းပြီး လမ်းကလေးဆီ ငေးကြည့်နေတယ်။

ကျွန်တော့် စိတ်ထဲမှာ တစ်စုံတစ်ရာကို အလိုလိုသိလိုက်ပြီး နှုတ်ကလည်း

အမည်ခေါ်လိုက်မိပါတယ်။

"ဦးပိုက်နွယ်"

သူက နူးနူးညံ့ညံ့ လှည့်ကြည့်ပါတယ်။

"သားက ဦးကို သိလား ...."

"ဟုတ်...ဟုတ်ကဲ့ သိပါတယ်။ အမေက ပြောပြဖူးပါတယ်"

သူက ခေါင်းညိမ့်ပြီး မျက်နှာပြန်လွှဲသွားတယ်။ သူက ဦးပိုက်နွယ်ဆိုတော့ ကျွန်တော်က သတိရပြီး မိုးပေါ်က လမင်းကို မော့ကြည့်မိတယ်။ လမင်းက ပပဝင်းသာလို့....။

"မင်း ဘာဖြစ်လို့ လမင်းကို ကြည့်ကြည့်နေတာလဲ"

"ဟင့်အင်း...ဘာဖြစ်လို့မှ မဟုတ်ပါဘူး"

အဲဒီမှာ ကျွန်တော် သတိထားလိုက်မိတာက သူဟာ လမင်းကို လုံးဝမကြည့်တော့ဘူးဆိုတာပါပဲ။

"ဦးက အခုတော့ လမင်းကို မကြည့်တော့ဘူးနော်"

"အင်း..."

"ဟိုတုန်းက ဘာဖြစ်လို့လဲဟင်"

"ကျွန်တော့်ကို ပြောပြပါလား ဦးရယ်"

သူက မဲ့ပြုံးတစ်ချက်ကို အတော်ကြာအောင် ပြုံးနေပါတယ်။ နောက်တော့မှ...

"ဦးငယ်ငယ် ကလေးတုန်းကပေါ့ကွာ...."

"ဟုတ်ကဲ့"

"ထမင်းဆာလို့ ငိုတော့ အမေက ပြောတယ် မငိုနဲ့တဲ့။ လမင်းကြီးဆီက ထမင်းးဆီဆမ်းကို ရွှေလင်ဗန်းနဲ့ တောင်းပေးမယ်တဲ့။ ပြီးတော့... တကယ်လည်း အော်တောင်းတယ်"

"ဟုတ်ကဲ့"

"ဦးကတော့ စောင့်နေတာပေါ့။ လမင်းကြီးဆီက ထမင်းဆီဆမ်းတွေ ရွှေလင်ဗန်းနဲ့ လာမယ်ဆိုပြီး ကျိတ်စောင့်နေတာပေါ့။ အဲဒီလိုနဲ့ နှစ်တွေကြာသွားတယ်။ ရောက်မလာဘူး။ ကမ္ဘာမြေနဲ့ လက ခရီးမိုင်တွေ ကွာလွန်းလို့ မရောက်သေးတာပဲ။ လမ်းမှာ ကြာနေတာပဲ။ တစ်နေ့တော့ ရောက်လာမှာပဲဆိုပြီး စိတ်ရှည်ရှည်နဲ့ ထပ်စောင့်တယ်။ ဦးရဲ့ အမေလည်း ဆုံးသွားတယ်။ နောက်ထပ် နှစ်တွေ ကြာသွားတယ်။ နောက်ဆုံးတော့ ဦးလည်း သေဆုံးခဲ့တယ်။ ထမင်းဆီဆမ်း ရွှေလင်ဗန်းကတော့ ရောက်မလာခဲ့ဘူး။ အဟင်း... ဦးသေဆုံးချိန်မှာ အဓိကကျတဲ့ ရောဂါကတော့... အဲဒီ လမင်းကင်ဆာပေါ့ကွာ"

ကျွန်တော် မချင့်မရဲ ဝင်ပြောမိတယ်။

"ဦးကလည်း ခေတ်ပညာတွေ သင်ပြီးတော့..."





သူက ရယ်ပါသည်။

"အဲဒီလို ခေတ်ပညာတွေသင်၊ အမြင်တွေ ကျယ်လာတော့ နေရာအနှံ့က ထမင်းဆီဆမ်းတွေ၊ ရွှေလင်ဗန်းတွေကို ပိုမြင်လာမိ၊ ပိုမျှော်လင့်မိတာပေါ့ကွာ။ ကိုယ်ကလည်း လမင်းကြီးဆီကို ပိုငေးမိတာပေါ့..."

ပြီးတော့ သူက မျက်နှာတည်သွားပြီး...

"အဲဒီတော့ သားကို ဦးက တစ်ခုမှာမယ်..."

"ဟုတ်ကဲ့"

"လမင်းဆီက ထမင်းဆီဆမ်း ရွှေလင်ဗန့်တွေကို ဘယ်တော့မှ မတောင်းနဲ့ကွာ၊ ဘယ်တော့မှ ရမှာ မဟုတ်ဘူး.."

ကျွန်တော် ဘာမှ ပြန်မပြောမိဘူး။ နှစ်ယောက်တည်းရှိတဲ့ စကားဝိုင်းလေးဟာ တိတ်ဆိတ်သွားပါတယ်။ အတန်ကြာမှ ကျွန်တော်က သူ့ကို ရုပ်ရှင်တွေ၊ ဝတ္ထုတွေမှာ ပါနေကျစကား တစ်ခွန်း ပြောလိုက်တယ်။

"ဒီလိုပေါ့ ဦးရယ်၊ လူဆိုတာ မျှော်လင့်ချက်နဲ့ ရှင်သန်ရတာပေါ့..."

"ဘာ...."

သူက ကျွန်တော့်ကို ဖျတ်ခနဲ လှည့်ကြည့်တယ်။ တစ်ပြိုင်နက်တည်းမှာပဲ သူ့လက်ထဲက ရိုးတံရှည် မြက်ကလေးဟာလည်း လွတ်ကျသွားတယ်။ သူက ပြန်မကောက်တော့ဘဲ ငေးကြည့်နေရင်းက သက်ပြင်းရှည်ကြီးချတယ်။

"အင်း...လူတွေက အဲဒါပဲ သိကြတယ်။ အဲဒီမျှော်လင့်ချက်နဲ့ ပြန်သေနေရတာကိုတော့ မသိကြဘူး"

"ဗျာ..."

"လူဟာ မျှော်လင့်မိရင် မျှော်လင့်မိသလောက် ခံစားရတယ်..."

သူ့အသံက ကြေမွ အက်ကွဲနေတယ်။

"မိုးကုတ်စက်ဝိုင်းကြီးတွေကို လှတယ်လို့ မင်းမထင်မိဘူးလား..."

"ထင်ပါတယ်..."

"အဲဒီ မိုးကုပ်စက်ဝိုင်းကြီးဆီကို ရောက်အောင် လျှောက်လို့ဖြစ်နိုင်မလား..."

"ဟာ...ဘယ်ဖြစ်နိုင်မလဲ ဦးရဲ့"

"အင်း...ဟုတ်တယ်နော်.. မိုးကုပ်စက်ဝိုင်းကြီးဆီကို လမ်းလျှောက်လို့ တို့ ဘယ်တော့မှ ရောက်မှာ မဟုတ်ဘူး။ တို့ လျှောက်သလောက် သူက လိုက်ရွှေ့လျားသွားမှာပဲ... လောကမှာ "မာယာယဉ်ကျေးမှု"တွေ ရှိတယ်သားရဲ့။ တချို့အရာတွေဟာ မြင်ရုံနဲ့ပဲ ကျေနပ်ယူရတယ်။

ဆုပ်ကိုင်ချင်လို့မရဘူး။ အဲဒီတော့ လောကမှာ အရာရာကို မိုးကုပ်စက်ဝိုင်းမျဉ်းသားပြီး ကြည့်နိုင်အောင် ကြိုးစားပေါ့...။ တောင်ထွတ်တွေများရင် ချောက်ကမ်းပါးတွေ များတယ်။ မျှော်လင့်ချက်တွေများရင်၊ "အမှားပူဝန်"တွေ များလိမ့်မယ်..."

"ဘာ.... ဘာကိုမှ မမျှော်လင့်ရင်ကော ဦး..."

သူက ထည်ထည်ဝါဝါ ပြုံးတယ်။ ပြတ်သားတဲ့ လေသံနဲ့

"ဘာမှကို မမျှော်လင့်ရင် ဘာမှကို ကြောက်စရာမလိုဘူးပေါ့..."

"အိုး..."

သူက...လှည့်ထွက်သွားတယ်။ ခြေသံမကြားရဘူး။ သူပျောက်ကွယ်သွားတယ်။ ကျွန်တော် ကျန်ရစ်ခဲ့...။

တည်ကြည်၊ ရှင်းလင်း၊ တိတ်ဆိတ်၊ ငြိမ်သက်၊ ကျွန်တော်။ ရဲရင့်လင်းဝေလျက်...။ အဲဒီနေရာက ထထွက်ပြီး မူလ လူအုပ်ကြီးဘက်ကို ပြန်လျှောက်လာခဲ့တယ်။ ကျွန်တော့် ခြေလှမ်းတွေက ငြိမ်းချမ်းလွတ်လပ်နေတယ်။ ကျွန်တော့်စိတ်ဝိညာဉ်က တုန်လှုပ်ချောက်ချားမှု ကင်းပနေတယ်။ ကိုယ့်ကိုယ်က တောက်ပနေသလို ခံစားရလို့ ငုံ့ကြည့်တော့ ရင်ထဲမှာ ကြယ်တစ်ပွင့် ပွင့်နေတယ်။ ည... ကျွန်တော် မော့ကြည့်နေရင်းမှ မိုးပေါ်က လမင်း ကွယ်သွားပါတယ်။

( ၅ )

အဲဒီလိုနဲ့ အားလုံး ပြီးဆုံးသွားပါတယ်။ အဲဒီညဟာ ကျွန်တော်အတွက်တော့ ဂမ္ဘီရဆန်တဲ့ ညပါပဲ။ ကျွန်တော် လွတ်မြောက်ရှင်သန်ခဲ့ပါပြီ။ ဘဝမှာ နေတတ်၊ သေတတ်ခဲ့ပါပြီ။

အဲဒီနှစ် ဆယ်တန်းစာမေးပွဲကိုလည်း ကျွန်တော် တောက်တောက်ပပ အောင်မြင်ခဲ့ပါတယ်။ ဒါပေမယ့် အစိမ်းရောင် ဖိနပ်နဲ့ ကောင်မလေးဆီတော့ မသွားဖြစ်ပါဘူး။ နောက်တော့လည်း မေ့မေ့လျော့လျော့ ဖြစ်သွားပါတယ်။

"အဲဒီလိုနဲ့ နှစ်တွေ ထပ်ကြာလာခဲ့ပါပြီ။ ကျွန်တော် ကဗျာတွေ စာတွေရေးတယ်။ ကြုံတဲ့အခါ မဂ္ဂဇင်းတွေကို ပေးပြီး မကြုံရင်လည်း မပေးဘူး။ အဲဒီအတွက် ဘာကိုမှ မမျှော်လင့်တော့ပါဘူး။ လောကထဲမှာ လှုပ်ရှားကျင်လည်ရင်း တစ်ခါတစ်ခါ မျှော်လင့်ချက်အတွက် ပြာဝေဆူပွက်နေတဲ့ လူတွေကို တွေ့ရင် သူတို့ ရင်ထဲက "လမင်းကင်ဆာ" အတွက် ကျွန်တော် ကရုဏာတော့ သက်မိပါရဲ့။

ကြားထဲမှာ ရယ်စရာလည်း ပြောရဦးမယ်။ တစ်နေ့တော့ မိတ်ဆွေတစ်ယောက်ဆီ အသွား ဘူတာရုံမှာ သိပ်လှတဲ့ ကောင်မလေးတစ်ယောက်ကို တွေ့တယ်။(သူကတော့ ဖိနပ်အပြာလေး စီးထားတယ်။) ကျွန်တော်ငေးကြည့်မိတော့ သူက မျက်နှာကို တစ်ဖက်လှည့်ပစ်လိုက်တယ်။



ကျွန်တော် ရယ်ချင်သွားတာ တအားပါပဲ။
ဘဝမှာ အခက်အခဲလေးတွေ တွေ့တဲ့အခါ သာယာတဲ့ ညတွေမှာ လမ်းလျှောက်ထွက်ရင်း လမင်းကို မော့ကြည့်မိတဲ့အခါ ရယ်ကာမောကာ ကျွန်တော် ရွတ်ဆိုနေကျ စာသားတစ်ပိုဒ်ရှိတယ်။ အဲဒီကောင်မလေးနဲ့ တွေ့တဲ့ညက အဲဒီ စာသားလေးကို ဒိုင်ယာရီထဲမှာ ချရေးလိုက်တာပေါ့။

"ဩော်...
မင်းက... လမင်းဆိုတဲ့ ကောင်မလေးလား...
ငါကတော့ ...ကြယ်တို့ရဲ့ ဘုရားဖြစ်တယ်။
လာ...
မာယာညကို ငါတို့ ခုတ်လှဲ ပစ်ကြမယ်" ။ ။

..................................................................................................

## နောက်ပြန်လိမ့်တဲ့ဘီး

(နေ့ / ကားလမ်းတစ်ခုပေါ်) ဆိုက်ကားသမားနှင့် အဘွားအို။
လူရှင်းသော ကားအသွားအလာနည်းသော ကားလမ်းပေါ်မှာ ဘဲလ်တီးလာပြီး ရပ်လိုက်သော ဆိုက်ကားတစ်စီး။ ဆိုက်ကာကို တားထားသော အဘွားအိုတစ်ယောက်(ချမ်းသာဟန်ရှိ။)

အဘွား။ ရှုခင်းသာကို သွားမယ်၊ ဘယ်လောက် ပေးရမလဲ။

ဆိုက်ကား။ ရှုခင်းသာကို ဆယ့်ငါးကျပ် အဘွား။

အဘွား။ (ပြူးတူးပြဲတဲဖြင့်) ဘာ... ဆယ့်ငါးကျပ်၊ ဟုတ်လား။ (စိတ်ဆိုးမာန်ဆိုး မျက်နှာလွှဲပြီးမှ ပြန်လှည့်) နင်က ငါ့ကို အဘွားအိုကြီးဆိုပြီး နိုင့်ထက်စီးနင်း တောင်းချင်တာပေါ့။ ဟုတ်လား။ မရဘူးဟေ့။ မပေးနိုင်ဘူး။ ဘယ်နယ့်တော်... မတော်မတရား ဒီခရီးလေးကို ဆယ်ငါးကျပ်တဲ့။

ဆိုက်ကား။ ဒါ ထုံးစံပဲ အဘွားရဲ့၊ ဒီ ခရီးကို ဆယ့်ငါးကျပ်ပဲ ယူတယ်။ အဘွား ကြိုက်တဲ့ ဆိုက်ကားကို တားမေး ဒီဈေးပါပဲ။ ကျွန်တော် ပိုမတောင်းပါဘူး။

အဘွား။ အို.... နင်တို့ဟာက ဟုတ်ကို မဟုတ်ပါဘူး။ အဲဒီလောက်ကြီး ပေးကို မပေးနိုင်ဘူးဟေ့။ (ဆိုက်ကားသမား သက်ပြင်းချ၊ စိတ်ကို လျှော့ပေးဟန်နှင့်...)

ဆိုက်ကား။ ဒါဖြင့် အဘွား ဘယ်လောက်ပေးမလဲ။

အဘွား။ သုံးမတ်လောက် ယူရင် တော်ရောပေါ့ဟဲ့။

ဆိုက်ကား။ (မျက်လုံးပြူးသွား) ဗျာ...၊ သုံးမတ်...။

အဘွား။ အေး... သုံးမတ်ပဲ ပေးမယ်။ မရရင် မစီးဘူး။ (ဆိုက်ကားသမားက အဘွားအိုအား

အံ့သြလှစွာ ခြုံငုံစေ့ငုကြည့်)

ဆိုက်ကား။ သုံးမတ်နဲ့တော့ မရဘူး အဘွားရယ်။ (ဆိုက်ကား ထွက်လာခဲ့သည်)

(နေ့ / ကားလမ်းတစ်ခုပေါ် ) ဆိုက်ကားသမားနှင့် အဘွားအို။

ဆိုက်ကားနင်းလာသော ဆိုက်ကားသမားကို စပြ။

တစ်စုံတစ်ခုကို သံသယဖြစ်နေဟန်ရှိသော ဆိုက်ကားသမား၏ မျက်နှာကို အနီးကပ်ပြ။

ဆိုက်ကားကို လမ်းဘေးမှာ ထိုးရပ်။

အောက်ဆင်းရပ်၊ ဆေးလိပ်ဖွာရင်း နောက်မှာကျန်ခဲ့သော အဘွားအိုကို မသိမသာ အကဲခပ်။

အဘွားအို ဆိုက်ကားတွေ တစ်စင်းပြီးတစ်စင်း တား။ စကားပြော၊ ဆိုက်ကားသမားများ ခေါင်းခါပြီး ထွက်သွား။ အဘွားအို လမ်းဘေးမှာ မတ်တတ်ကျန်ရစ်။

ဆိုက်ကားသမား ဆေးလိပ်တိုကို လွှင့်ပစ်၊ ဆိုက်ကားပေါ် ပြန်တက်၊ ဆိုက်ကားကို ကွေ့ပြီး အဘွားအိုဘက် ပြန်သွားသည်ကို ပြ။

*******************************

ဆိုက်ကားသမား အဘွားအိုကို တင်နင်းလာသည်ကို ပြ။

အဘွား။ ဒါပေါ့ဟဲ့၊ လူဆိုတာ မတော်လောဘ မထားရဘူး။ သမ္မာအာဇီဝနဲ့ လုပ်ကိုင်စားသောက်ရတယ်။ သုံးမတ်တန်တဲ့ ခရီးကို သုံးမတ်ပဲ ယူရတယ်။ ခရီးသည်မှာလည်း စိတ်ချမ်းသာတာပေါ့။

ဆိုက်ကား။ ဟုတ်ကဲ့။

အဘွား။ ငါ့ ဓမ္မမိတ်ဆွေတစ်ယောက်ဆီ တရားလာဆွေးနွေးတာဟဲ့။ အလာတုန်းကတော့ အိမ်က ကားနဲ့ လိုက်ပို့ပေးတာပဲ။ အပြန်တုန်းကတော့ အိမ်က ကားနဲ့ လိုက်ပို့ပေးတာပဲ။ အပြန်ဝင်ကြိုမယ်ဆိုပြီး ကားက တော်တော်နဲ့ ရောက်မလာဘူး။ အဲဒါနဲ့ ဆိုက်ကား ငှားစီးတာ။

ဆိုက်ကား။ ဟုတ်ကဲ့။ ( ထိုစကားပြောများနှင့် အတူ ဆိုက်ကား အတော် ခရီးရောက်လာသည်ကို ပြသွားရန်)

အဘွား။ အဲဒီအိမ်ရှေ့မှာရပ်။ ရောက်ပြီ။ (ချမ်းသာသော တိုက်အိမ်ကြီး တစ်ခုရှေ့မှာ ဆိုက်ကားကို ရပ်လိုက်။)

(နေ့ / ချမ်းသာသော ဧည့်ခန်းအတွင်း)



ဆိုက်ကားသမားနှင့် အိမ်သားများ။

ချမ်းသာသော ဧည့်ခန်းတစ်ခုအတွင်း။

လူငယ်တစ်ဦး စာထိုင်ဖတ်နေ။ အဘွားအို အခန်းတွင်းဝင်သွား (ဆိုက်ကားသမားက အခန်းဝမှာ ခပ်ရှိန်ရှိန် ရပ်ကျန်ရစ်။)

လူရွယ်။ ဪ...အဘွား ပြန်လာပြီ။ ကားကို ဘာလို့ မစောင့်တာလဲ။ ကျွန်တော် အခုပဲ ကားလွှတ်လိုက်ပြီ။(ဆိုက်ကားသမားကိုလည်း လှမ်းကြည့်)

အဘွား။ မစောင့်နိုင်ဘူးဟေ့၊ ငါ့ဘာသာ ဆိုက်ကားငှားပြီး ပြန်လာတယ်။ အဲဒါ ဆိုက်ကားသမားလေးကို သုံးမတ်ပေးလိုက်ကြဦး။

လူရွယ်။ ဪ...ဟုတ်ကဲ့ လာပါခင်ဗျာ။ ဝင်ပါ...ထိုင်ပါဦး။ (ဆိုက်ကားသမား လူငယ် ဧည့်ခန်းထဲ ဝင်ထိုင်)

အဘွား။ နင်တို့ ရေခဲသေတ္တာထဲမှာ ဘာအသီးမှလည်း မရှိဘူးနော်။ မနက်က ငါဖွင့်ကြည့်ပြီးပြီ။ ဘာမှ မရှိဘူး။

လူရွယ်။ ဪ....သွားဝယ်ခိုင်းလိုက်ပြီ အဘွား။ ခိုင်းတဲ့ ကောင်မလေးကို ဝယ်ဖို့ ဈေးလွှတ်လိုက်တယ်။ ကျွန်တော်လည်း ဖိနပ်တစ်ရန် မှာလိုက်သေးတယ်။

အဘွား။ နင် ပိုက်ဆံ အလုံအလောက် ပေးလိုက်ရဲ့လား။

လူရွယ်။ တစ်ဆယ်ပေးလိုက်တယ် အဘွားရဲ့။ လောက်ပါတယ်။

ဆိုက်ကားသမား မျက်လုံးပြူး၊ ခေါင်းနပန်းကြီးသွားပုံကို ပြ။

အဘွား။ အေး အေး။ (ပြောပြီး အတွင်းခန်းထဲ ဝင်သွား)

လူရွယ်နှင့် ဆိုက်ကားသမား တစ်ယောက်ကို တစ်ယောက် ကြည့်မိကြ။)

လူရွယ်။ (ပြုံးပြုံးလျက်) ဆိုက်ကားခ ဘယ်လောက်ကျလဲ ခင်ဗျ။

ဆိုက်ကား။ (မဖြေခင် သူ့အသံနှင့် သူ ဝင်ရင်း စဉ်းစား) အင်း... ဒီလူကျမှ သုံးမတ်ကို များတယ်ဆိုပြီး ငါးမူးထားခိုင်းနေမလား မသိဘူး။ (ခဏ စဉ်းစားလိုက်ပြီးမှ) ဟို...သုံးမတ်ပါ ခင်ဗျ။

လူရွယ် တဟားဟား ထရယ်။

ဆိုက်ကားသမား ကြောင်ငေးကြည့်။

လူရွယ်။ ခင်ဗျား တကယ့်လူပဲဗျာ။ ကျွန်တော့်ကို ပြန်နောက်တယ် ထင်တယ်။ ဒီခေတ်ကြီးမှာ သုံးမတ်နဲ့ ဘာလုပ်လို့ရမှာလဲဗျ။ ဆိုက်ကားခ ဆယ့်ငါးကျပ်၊ နှစ်ဆယ်တော့ ကျမှာပေါ့။ သုံးမတ်ဆိုတာ ခင်ဗျားကို ကျွန်တော့်အဘွားပြောတဲ့ ဈေးထင်တယ်။

ဆိုက်ကား။ ဟုတ် ဟုတ်ပါတယယ်။ ကျွန်တော်က ဆယ့်ငါးကျပ် တောင်းတာပါ။ အဘွားက သုံးမတ်ပေးမယ်ဆိုတာနဲ့ ကျွန်တော်....

လူရွယ်က တဟားဟား ထပ်ရယ်၊ ပြီးမှ...

လူရွယ်။ အဘွားက အခုခေတ် ကုန်ဈေးနှုန်းတွေကို လက်မခံဘူးဗျ။ သူတို့တုန်းက ကုန်ဈေးနှုန်း အတိုင်းပဲ တွေးတယ်။ အိမ်ထဲမှာပဲ အနေများတော့ နောက်ပိုင်းမှာ ကုန်ပစ္စည်းတွေ ဈေး ဒလဟောတက်ပြီး ငွေတန်ဘိုး ဖောက်ထိုးကျနေတာကို သူမသိဘူး။ ခု ဝယ်ရတဲ့ ပစ္စည်းတွေကို ခု ကုန်ဈေးနှုန်းအတိုင်း အမှန်ပြောရင် သူ တက်သေသွားနိုင်လို့ ကျွန်တော်တို့ အားလုံး သူ့ကို ဝိုင်းညာထားရတယ်။ ဒီဟာ ဘယ်လောက်ပေးရလဲဆို တစ်မတ်၊ ဟိုဟာ ဘယ်လောက်ပေးရလဲဆို ငါးမူး... အဲဒီလိုပေါ့။ အခု ခင်ဗျားကို သူ သုံးမတ်ပေးတာ အတော် သဘောကောင်းသားဗျ။ ဟားဟားဟား၊ ကဲ... ရော့ ရော့ ဆယ့်ငါးကျပ်။ လူရွယ်က ဆိုက်ကားသမားကို ပိုက်ဆံထုတ်ပေးရန်ပြင်။

(ဆိုက်ကားသမား၏ ခေါင်းတညိတ်ညိတ်နှင့် စဉ်းစားနေသော မျက်နှာ။)

(နေ့ / ကားလမ်းမပေါ် ) ဆိုက်ကားသမားနှင့် ခရီးသည်များ။

ဆိုက်ကားသမား ဆိုက်ကားနင်းပြီး ပြန်ထွက်လာ (ရယ်ချင်နေသော မျက်နှာထားရှိ)

လူစုံသော လမ်းခွဆုံတစ်ခုမှာ ဆိုက်ကားရပ်။

ဆိုက်ကား။ (အော်ဟစ်) ကဲကဲ...လိုက်မလား။ လိုက်ကြမလား... ဘယ်စီးစီး သုံးမတ်။

(အားလုံး လှည့်ကြည့်ကြ)

ခရီးသည် ၁။ ဘယ်စီးစီး သုံးမတ် တကယ်လား။

ဆိုက်ကား။ တကယ် တကယ်... ဘယ်စီးစီး သုံးမတ်။

ခရီးသည်များ။ (သံပြိုင်) လိုက်မယ်။

ဆိုက်ကား။ အဲ....

ခရီးသည်များ အပြေးဝိုင်းလာကြ။

ဆိုက်ကား။ ဟိုက်... အများကြီးပါလား၊ အောင်းမလေးဗျာ လစ်မှ။

သူက ဆိုက်ကားနင်းပြေးဟန်၊ ခရီးသည်များက ဝိုင်းလိုက်စဉ် ဖမ်း၊ ဘဲလ်တီးသံ အဆက်မပြတ်ထွက်။

(ဘဲလ်တီးလိုက်)





## လူနှင့်မျက်လုံး

( ၁ )

စတင်တွေ့ရှိသူကတော့ ထူးခြားစွာ လုံးဝန်းချောမွတ်နေသော ကျောက်တုံးတစ်တုံးအမှတ်နှင့် ကောက်ယူကြည့်မိခြင်း ဖြစ်လေသည်။ လက်ထဲရောက်သော အခါမှ အချိန်အဆနှင့် အနှစ်အသားအရ သူ့လက်ထဲမှ အရာသည် ကျောက်တုံး မဟုတ်ကြောင်း ခံစားသိရှိလိုက်၏။

ဘာမှ မဟုတ်သော လောကကြီးအတွင်းမှ ဘာမှမဟုတ်သော အရာတစ်ခုအဖြစ် ပြန်လည်လွှင့်ပစ်ခဲ့လျှင် ရသော်လည်း လူ့သဘာဝအရ စူးစမ်းလိုစိတ်ကလေးက ရှိနေပြန်သေး၏။ ထိုသို့ဖြင့် ထို "တစ်စုံတစ်ရာ"လေး ကို လူနေရပ်ကွက်အတွင်းသို့ ယူလာကာ အားလုံးထံ အထင်အမြင်တောင်ခံကြည့်ရေတော့၏။

ထိုသို့ဖြင့်....

( ၂ )

"ငါ့အထင်တော့ ဒါဟာ "ကျောက်ဥ" ဖြစ်ရမယ်..."

ထိုလူကြီးက သူ့စကားကို ဆက်ရှင်းလေသည်။

"ဆေးဆရာတွေ တောနင်းရှာတတ်တဲ့ ကျောက်သွေးလိုမျိုးပေါ့။ ကျောက်ကရတဲ့ ကျောက်ဥ ဖြစ်ရမယ်။ ကျောက်သွေးလိုပဲ အကြီးအကျယ် ဆေးဖက်ဝင်နိုင်တယ်။ အနီးအနားမှာ နောက်ထပ်လည်း ကျောက်ဥတွေ ရကောင်းရနိုင်တယ်။ ဒါလေး ကောက်ရတဲ့နေရာအနားမှာ ငါတို့တွေ ထပ်ရှာကြည့်ရင် ဒါမျိုးတွေ ထပ်ရနိုင်တယ်"

အခြား အမယ်အိုတစ်ဦးကတော့ ထိုလူကြီးနှင့် အယူအဆ မတူချေ။ သူမကလည်း သူမ၏အမြင်ကို ကတုန်ကယင်နှင့် ပြော၏။

"ငါ ငယ်ငယ်တုန်းက ငါ့အမေပြောပြဖူးတဲ့ မြွေနဂါးဥဆိုတာ ဒါပေါ့။ အံ့မယ်လေး မြင်ဖူးတော့တယ်။ ဒါဆို ဒီဥရတဲ့ ပတ်ဝန်းကျင်မှာ မြွေနဂါးသိုက်ရှိနေပြီထင်တယ်။ ဒုက္ခပါပဲ။ ဘယ့်နယ့် လုပ်မလဲ"

အချို့ လူများက သုတ်သုတ်ပျာပျာဖြင့် ကျောက်ဥရှာထွက်ရန် ပြင်ကြပြီး အချို့လူများကလည်း လန့်လန့်ထိတ်ထိတ်ဖြင့် မြွေနဂါးသိုက်ကို နှိမ်နင်းရန် လူစုကြသည်။ အဘိုးအိုတစ်ဦးက ဆေးတံကြီးဖွာပြီး ခေါင်းတခါခါ လုပ်လိုက်သည်။

( ၃ )

"မင်းတို့ အဲဒီလို ဟိုပြေးသည်ပြေး ကြည့်မနေကြနဲ့... အဲဒါ လူမိုက်တွေရဲ့ နည်းလမ်းကွ၊ ပညာရှိလို တွေးကြည့်တဲ့ အလေ့အကျင့်ကို မွေးစမ်းပါကွာ..."

ထို့နောက် သူ့အယူအဆကို ပြောပြ၏။

"ဒီဟာလေးက စက်ဝိုင်းပုံလည်း မဟုတ်ဘူးကွ၊ ဘဲဥပုံဖြစ်နေတော့ အတော်စဉ်းစားနေရတယ်။ စက်ဝိုင်းလို ဗဟိုတစ်ခုတည်း မဟုတ်ပဲ သူက ဗဟိုနှစ်ခုပါတယ်။ အီလစ်လို့ ခေါ်တယ်။ ငါ့အထင်ပြောရရင်တော့ ဒါလေးဟာ ဂန္ဓာရီသင်္ချာပညာရှင်ကြီး တစ်ယောက်ယောက် ဖေါ်စပ်ခဲ့တဲ့ မှော်ဓာတ်လုံး ဖြစ်နိုင်တယ်။"

အဘိုးအို၏ စကားအဆုံးမှာပဲ လူရည်သန့်တစ်ဦးက ချင့်ချင့်ချိန်ချိန် ဝင်ပြော၏။

"ဒီဟာလေးကိုတွေ့တဲ့ အနီးအနားမှာ ထူးခြားတဲ့ တွင်းကလေးတစ်ခုခု ရှိတယ်ဗျ။ ဒီဟာလေးရဲ့ အရွယ်အစားကို ထောက်ပြီး ကျုပ် တစ်ခုစဉ်းစားမိတယ်။ ဒီဟာလေးဟာ ရှေ့ခေတ်လူတွေ ကစားခဲ့ကြတဲ့ ရှေးခေတ်ဂေါက်သီး ဖြစ်နိုင်တယ်"

တွေးသူက တွေးပြီး ပြေးသူက ပြေးဆဲဖြစ်၏။ ထိုအရာလေးကိုကား ဘာမှန်း မဖေါ်နိုင်ကြသေးချေ။

( ၄ )

အချို့လူများကတော့ မလှုပ်မယှက်ဖြင့် ခပ်တည်တည်ကြည့်နေကြ၏။ သူတို့ထဲမှ တစ်ဦးက လေသံ ခပ်တိုးတိုးဖြင့်....

"လူမိုက်လို ပြေးကြည့်တာတွေ၊ ပညာရှိလို တွေးကြည့်တာတွေထက် သာမန်လူလို စောင့်ကြည့်တာက အကောင်းဆုံးပါပဲဗျာ...."

ထို့နောက် တစ်ယောက်က ထိုအရာလေးကို သူ့လက်ထဲသို့ ဆွဲယူကြည့်ကာ....

"ဘာလေးမှန်းကို မသိဘူး"

ထိုအရာလေး၏ ထိပ်ချွန်နားမှာ အနီရောင်တစ်စက် လင်းခနဲ လက်လာပြီး....

"ကျွန်တော့်ကို မေးတာလား...."

အားလုံး ထိုအသံအတွက် လန့်ဖျပ် အံ့သြသွားကြ၏။ ကပျာကယာ ပြန်မေးလိုက်ကြ၏။

"အေး ဟုတ်တယ်၊ မင်းက ဘာလေးတုန်း..."

ထိုအရာလေးက ချက်ချင်း ပြန်မဖြေသေး၊ အနီစက်ကလေးကို လင်းချည်မှိတ်ချည် သုံးခါပြုပြီးမှ....

"ကျွန်တော်က အဏုမြူပုံးလေ... ခု ပေါက်တော့မလို့"

"ဟေ...."

"ဟယ်...ဟိုဒင်း...အောင်းမယ်လေး..."

ထိုပေါက်တော့မည့် အဏုမြူပုံးလေးကို လက်ဖဝါးပေါ်တင်ထားမိသူက အရူးလို ခုန်ပေါက်နေမိတော့၏။ သူ့လက်ထဲမှ အဏုမြူပုံးကို လွှင့်ပစ်လိုက်ရန်အပြင်မှာ တစ်ယောက်က...

"ဟ..ဟ.. လွှင့်မပစ်နဲ့လေ၊ လွှင့်ပစ်မှ ထပေါက်သွားဦးမယ်..."

"ဒါဖြင့် ခင်ဗျား ခဏယူထားလိုက်လေ...နော်"



ထိုလူက လက်ကမ်း၍ ယူလိုက်ပြီးမှ...

"အဲ...ဟ... မဟုတ်ဘူးလေ... ဟို..."

သူဘာလုပ်ရမှန်း မသိ ဖြစ်နေချိန်မှာ....

"ပြေး...ပြေးကြလေ၊ ဘာလို့ မပြေးကြတာလဲ..."

"အဏုမြူပုံးပါဆို...ပြေးလို့ ခုမှ ဘယ်လိုလွတ်မှာလဲ...အဟီး...ဟီး...သေပါပြီ..."

"ဒါ...ဒါဆို..ဘယ်...ဘယ်လို လုပ်ကြမလဲ... အဟင့်"

သူတို့ ကြံရာ မရတော့သည့် အဆုံးမှာ ကြောက်စိတ်လည်းမွှန်၊ ဒေါသလည်း ဖြစ်ဖြစ်နှင့်...

"ငါတို့ ဒီ သောက်အဏုမြူပုံးကို ဆဲမယ်ကွာ..."

"အေး ...ဆဲမယ်...အားလုံး ဝိုင်းဆဲရအောင်..."

ထို့နောက် သူတို့ တစ် - နှစ် - သုံး သံပြိုင်တိုင်ပြီး

"ခွေး...မ...သား...အ...ဏု...မြူ...ပုံး..."

( ၆ )

ကမ္ဘာ့ပတ်လမ်းကြောင်းထဲမှာ ရပ်တံ့ထားသော ပန်းကန်ပြားပျံတွင်းမှ ဂြိုဟ်သားတစ်ယောက်က ဖန်သားပြင်တစ်ခုမှာ မြင်နေရသော ထိုမြင်ကွင်းကြောင့် စိတ်ပျက်လက်ပျက် ခေါင်းခါယမ်းလိုက်၏။ ပန်းကန်ပြားပျံ၏ မောင်းနှင်စက်ခလုပ်ကို လက်နှင့် နှိပ်လိုက်ရင်း...

"ပေါက်တော့မယ့် သိပ္ပံလောက်စာလုံးကလေးကိုများ ပြေးကြည့်တဲ့သူနဲ့၊ တွေးကြည့်တဲ့သူနဲ့၊ စောင့်ကြည့်တဲ့သူနဲ့ ခံရတာတောင် နည်းသေး၊ တော်တော် အသိဉာဏ်မရှိတဲ့ သတ္တဝါတွေ"

ပန်းကန်ပြားပျံ ရိပ်ခနဲ ပျံသန်းသွား၏။ အဖေါ် ဂြိုဟ်သား ထောက်ခံ ပြောကြားသံက ကမ္ဘာ့ပတ်လမ်းကြောင်းထဲမှာ လွင့်ပျံကျန်ရစ်ခဲ့သည်။

"အေးလေ....ဒါကြောင့်... ဒီသတ္တဝါတွေ "လူ" ဖြစ်နေကြတာ..."

## ကောင်းကင်ကိုရှိခိုးတဲ့လက်

(နေ့ / ညည့်ခံစားသောက်ပွဲတစ်ခု) အိမ်ရှင်နှင့် ဧည့်သည်များ။

အလှူရှင်။ ကြွကြွပါခင်ဗျာ ကြွကြွပါ၊ အဟဲ…နောက်ကျတာကိုး။ ကျွန်တော်က မေးနေတာခင်ဗျ၊ စာစရာသောက်စရာတွေကတော့ အရန်သင့်ပါပဲ။ စိတ်တိုင်းကျ သုံးဆောင်ကြပါ။

ပြုံးရွှင်ပြီး တစ်ယောက်ပြီးတစ်ယောက် ဝင်ရောက်လာသော ဧည့်သည်များကိုပြ၊ ညည်ခံစားသောင်ပွဲကြီးကိုပြ။ တစ်နေရာတွင် စင်တစ်ခုဖြင့် နတ်ပူဇော်ထားဟန် စားပွဲငယ်တချို့ကိုလည်းပြ။

ပျော်ပျော်ပါးပါး စားသောက်နေသော ဧည့်သည်များ။ ပြုံးပြုံးရွှင်ရွှင် လိုက်ကြည့်နေသော အလှူရှင်။

အလှူရှင်။ စိတ်တိုင်းကျ သုံးဆောင်ကြပါ ခင်ဗျား။ ကျွန်တော်လို ထီးပြင်သမားလေးတစ်ယောက်အနေနဲ့ အဖမိုးကောင်းကင်ကြီးရဲ့ ကျေးဇူးကြောင်သာ အခုလို ခမ်းနားတဲ့ အလှူကို လုပ်နိုင်တာပါ။

ဧည့်သည်များ သူ့စကားကို နားမလည်ဟန်ပြ။

ဧည့်(၁)။ ခင်ဗျား ဘာကိုဆိုလိုတာလဲဗျ။ အဖမိုးကောင်းကင်ကြီးရဲ့ ကျေးဇူးကြောင့်ဆိုတာ ဘာကိုပြောတာလဲ။

အလှူရှင် ထီးပြင်သမားက မိန့်မိန့်ကြီးပြုံးလျက်..

အလှူရှင်။ ခဏလေးနော်၊ ပြီးရင် ကျွန်တော် ရှင်းပြပါ့မယ်။ ခု အဖမိုးကောင်းကင်ကြီးကို ရှိခိုးလိုက်ဦးမယ်။

စားပွဲ တစ်နေရာဆီလျှောက်သွား (နတ်ပူဇော်ထားဟန် အစားအသောက်များရှိရာ)

ဆီမီးခွက်တစ်ခုကို ထွန်းညှိ၊ ဆီမီးခွက်ကို မြှောက်၊ မျက်စိအစုံကို မှိတ်၊ ပါးစပ်မှ တတွတ်တွတ် ရွတ်။ ထို့နောက်မှ သူ့ခန္ဓာကိုယ်ကို တဖြည်းဖြည်း လှုပ်ရှားလာပြီး ပုံသဏ္ဍာန်အမျိုးမျိုးနှင့် ပူဇော်။ (သူ့လှုပ်ရှားဟန်က ဆီမီးခွက်အက ကသလို၊ ကစ်ဘောက်ဆာသမားများ လက်ဝှေ့ရေးပြပြီး ပရိသတ်ကို အရိုအသေပေးသလိုမျိုး ဖြစ်နေစေ။ ထိုပူဇော်ဟန်အတွက် သင့်တော်သော တီးလုံးတစ်ခုခုကို နောက်ခံတီးပေးပါ။)

ဧည့်ပရိသတ်များက သူ့ကို တအံ့တသြကြည့်နေကြ။ သူက သူ့ပူဇော်မှုပြီးမှ ပုံမှန်အနေအထားမှာ ပြန်ရပ်ရင်း အားလုံးကို ပြုံးရယ်ပြ။

အလှူရှင်။ ဒါ… ကျွန်တော် အဖမိုးကောင်းကင်ကြီးကို ရှိခိုးတာပဲ။ သူဟာ ကျွန်တော့်ရဲ့ ကျေးဇူးရှင်ပဲလေ။ ဒီ မိုးကောင်းကင်ကြီးဆီက နေရောင်တွေ ထွက်ကျတယ်။ မိုးစက်တွေ



ထွက်ကျတယ်။ လူတွေ ထီးဆောင်းကြရတယ်။ အဲဒါကြောင့်သာ ထီးပြင်သမားလေးအဖြစ် ဘဝရပ်တည်ရတဲ့ ကျွန်တော် ဝမ်းဝခါးလှဖြစ်ရတာကိုး။ ကိုယ့်ကျေးဇူးရှင်ကို အသိအမှတ်ပြုတဲ့ အနေနဲ့ ကျေးဇူးဆပ်တဲ့အနေနဲ့ ကျွန်တော်ဟာ ခုလိုပဲ မိုးကောင်းကင်ကြီးကို နေ့တိုင်း ရှိခိုးပူဇော်လေ့ရှိပါတယ်။

ဧည့်သည်တွေ သိပ်ဘဝင်မကျပုံကိုပြ။

ဧည့်(၁)။ ခင်ဗျားတွေးတာ မဟုတ်သေးဘူးလို့ ကျွန်တော် ထင်တယ်ဗျာ။ ခင်ဗျားကသာ ထီးပြင်တဲ့ ပညာကို မကျွမ်းကျင်ဘူး။ ကတိမတည်ဘူး။ ဆက်ဆံရေး မကောင်းဘူးဆိုရင် ခင်ဗျား ရှိခိုးနေတဲ့ မိုးကောင်းကင်ကြီးဆီက နေရောင်တွေ၊ မိုးစက်တွေ ဘယ်လောက်ပဲ ထွက်ကျကျ ဘယ်သူကမှ ခင်ဗျားဆီ ထီးလာပြင်မှာ မဟုတ်ဘူး။ ခင်ဗျားလည်း ဝမ်းဝမှာ၊ ခါးလှမှာ မဟုတ်ဘူး။

ဧည့်(၂)။ ဟုတ်တယ်ဗျ။ ခင်ဗျား အံချော်နေတယ်။ လောကကြီးမှာ မလိုတာတွေကို သိပ်မလုပ်စမ်းပါနဲ့ဗျာ။

အလှူရှင်က လက်ခံဟန်မပြ၊ ခေါင်းမာစွာပြုံးရယ်လျက်ပဲရှိ။

အလှူရှင်။ ကျွန်တော့် ယဉ်ကျေးမှုကလေးတစ်ရပ်ပေါ့ ခင်ဗျ။ ကျွန်တော့်ရဲ့ ဖွံ့ဖြိုးတိုးတက်မှုပေါ့။ ကိုယ့်ကျေးဇူးရှင်ကို ရှိခိုးပူဇော်တာဟာ ခေတ်အဆက်ဆက် မွန်မြတ်တဲ့ အချင်းအရာကလေးပါ…ဟဲဟဲဟဲ။

ဧည့်သည်များ စိတ်ပျက်သွားပုံကို ပြ။

ဧည့်(၁)။ ခင်ဗျားဟာက အဓိပ္ပာယ်မရှိပါဘူးဗျာ။ ခင်ဗျားလိုသာဆိုရင် ကျောက်စရစ်ခဲတွေ၊ သဲတွေကို အရောင်းအဝယ်လုပ်နေရတဲ့ ကျုပ်က ဒါတွေ ထွက်လာတဲ့ မြေကြီးကို ထိုင်ရှိခိုးရမလို ဖြစ်နေတယ်။

ဧည့်(၂)။ အေးလေဗျာ…သားရေကုန်သည်လုပ်နေရတဲ့ ကျုပ်ကကော။ သားရေတွေ ထွက်တဲ့ နွားတို့၊ ဆိတ်တို့ ထိုင်ရှိခိုးရမလိုပါလား။

ဧည့်သည်အားလုံး ပွစိပွစိ ဖြစ်ပြီး မကျေနပ်ကြဟန်ပြ။ အလှူရှင်က သူတို့ကို အံ့သြထိတ်လန့်စွာကြည့်။

ဧည့်သည်(၃)။ (အနည်းငယ် နွမ်းပါးဟန်ရှိသူက) စားပွဲကို လက်သီးနှင့်ထု။

ဧည့်(၃)။ (ကျန် ဧည့်သည်များကို တစ်ချက်ကြည့်လျက်) ခင်ဗျားတို့က တော်သေးတယ်။ ကျုပ်လို မိလ္လာသန့်ရှင်းရေးသမားက ဒုက္ခပေါ့ဗျ။ ဒီမိလ္လာတွေထွက်ကျပေးတဲ့ ဖင်စအိုတွေကိုပဲ လိုက်ရှိခိုးရမလို ဖြစ်နေပြီ။ ဘာ အဓိပ္ပာယ်ရှိလဲ။

ထိုအခိုက် အမျိုးသမီးကြီးတစ်ဦးက အလှူရှင်ကို ဝင်ရိုက်။

မိန်းမကြီး။ နင် နင် ငါ့ကို ခေါ်ပြီး သက်သက် စော်ကားတာပဲ။ ကဲဟယ်…ကဲဟယ်…

အလှူ့ရှင်။ ဟ...ဟ... နေပါဦး။

ဝရုန်းသုန်းကားဖြစ်၊ အလှူ့ရှင်ထွက်ပြေး၊ မိန်းမကြီးက လိုက်ရိုက်။ (လှည့်ပတ်ပြေး၊ လှည့်ပတ်လိုက်)

မိန်းမကြီး။ နင့်ကို သတ်မယ်...၊ ငါ့ကို ခေါ်အရှက်ခွဲတာ၊ နင့်ယဉ်ကျေးမှုအတိုင်းဆို ငါက ဘာကိုရှိခိုးရမှာလဲဟဲ့၊ နင့် ငါ့ကို ဘာကောင်မ အောက်မေ့လို့လဲ။

ဧည့်သည်များ ရှောင်ရင်းတိမ်းရင်း...

ဧည့်(၁)။ ဒီမိန်းမကြီးက ဘာလဲဗျ။

ဧည့်(၂)။ သားဖွားဆရာမကြီးလေဗျာ။

ဧည့်သည်(၁) မျက်လုံးပြူးသွားပုံပြပြီး ရုပ်သေဖမ်း။ (ထိုပုံကို ပြထားပြီး နောက်မှ အသံဝင်)

မိန်းမကြီး။ (အသံ) ကဲဟယ်....

ဧည့်(၁)။ (အသံ) (ညောင်နာနာဖြင့်) အောင်မယ်ငေးဗျ။

## လူနှင့် အလင်းတန်း

( ၁ )

လွင်ပြင်ကို ကျွန်တော်တို့ ကျော်ဖြတ်ပြီးသောအခါ မိုးကောင်းကင်မှာလည်း နံနက်ခင်းက ပွင့်ထွက်လာပြီဖြစ်သည်။ မြို့ကလေးအတွင်းသို့ ကျွန်တော်တို့ ဝင်ရောက်ကြ၏။ မြို့စွန်မှာပင်ထည်လွင်သော သချိုင်းကုန်းတစ်ခုကို တွေ့ကြလေသည်။သချိုင်းအတွင်းမှာ သစ်ခက်တဲငယ်ကို ညွှန်ပြကာ အဖေါ်က ကျွန်တော့်ကို ပြော၏။

“သုဘရာဇာသားအဖ နေကြတယ်လေ....သူတို့လည်း ဒီမြို့မှာ အရေးပါတဲ့ လူတွေပေါ့...”

မြို့အတွင်းမှာ အလင်းထောင့်ချိုးများစွာကို ကျွန်တော်တွေ့သည်။ အိမ်အမိုးတို့သည်လည်း ခုံးမြင့်လှပ၏။ မြို့သားများသည် ဣန္ဒြေတည်ကြည်၏။ မြို့သူများက ရိုးရာပန်းကို ပန်ကြလေသည်။

“ဒါပေမယ့်... သုဘရာဇာတွေအနေနဲ့ ရထားတဲ့ အခွင့်အရေးတစ်ခုရှိတယ်...ဘယ်သူ့ရုပ်အလောင်းကို မဆို သချိုင်းအတွင်းမှာ သူတို့မြှုပ်ချင်တဲ့နေရာ မြှုပ်နှံခွင့်ရှိတာပဲ...အဲဒီကိစ္စမှာ ဘယ်သူကမှ ဝင်ရောက်စွက်ဖက်ပိုင်ခွင့်မရှိဘူး...”

ဤမြို့ကလေးမှာ ကျွန်တော်သည် သူစိမ်းဧကန်သာဖြစ်သည်။ ကျွန်တော်မသိသော သူတို့ကို ကျွန်တော် မကြည့်တော့ပါ။ ဝန်းကျင်ကိုသာ အဝေးမှ ငေးနေလိုက်၏။ ကျွန်တော်တို့ ထိုသို့ ခရီးဆက်စဉ် အရှေ့ဆီမှ ဖုန်မှုန့်များ အုံးခနဲ ပျံ့လွင့်ထွက်လာသည်။ အရပ်လေးမျက်နှာသို့ ကျွဲတို့က





ကဆုန်ပေါက်ပြေးကြ၏။ “ဘာဖြစ်တာပါလိမ့်...”ဟု အဖေါ်က တအံ့တသြရေရွတ်လေသည်။

ထို့နောက် ဖြောင့်စင်းသောလမ်းအတိုင်း ကျွန်တော်တို့ ဆက်လျှောက်လာကြ၏။ လမ်းသွယ်တစ်ခုတွင် လူအချို့ ရုတ်ရုတ်ကျွတ်ကျွတ်ဖြစ်နေသည်။ ဒဏ်ရာအနည်းငယ်ရထားသော လူတစ်ယောက်ကို လူတစ်အုပ်က ဖေးမခေါ်လာခြင်းဖြစ်သည်။ သူတို့က ကျွန်တော်တို့ လျှောက်သော လမ်းအတိုင်း ခပ်လှမ်းလှမ်းမှ လျှောက်နေကြသည်။

“ဟင်...အဲဒီ ဒဏ်ရာရထားတဲ့လူက ဒီမြို့ရဲ့ အတော်ဆုံး ဂီတပညာရှင်ပေါ့...”

ထို ဂီတပညာရှင်သည် အသက်လေးဆယ်ခန့်ရှိ၏။ ဆံမျှင်တို့ရှည်၏။ ဝတ်ရုံက မှိုင်းသည်။ မျက်နှာမှာ ခံစားချက်ကင်းမဲ့သည်။ သူ့လက်ထဲမှ စက္ကူကတ်ပြားလေးများကို ကိုင်ဆောင်ထားလေသည်။

ဆက်လျှောက်နေရင်း ကျွန်တော်တို့၏ ကျောဘက်မှ ဆူညံသော ခြေသံများကို ကြားရ၏။ ငဲ့ကြည့်သောအခါ လူတစ်အုပ်က လူငယ်တစ်ယောက်ကို တရားခံလို ဖမ်းချုပ်လာကြောင်း တွေ့ရသည်။ အဖေါ်က ကျွန်တော့်ကို တီးတိုးပြော၏။

“အဖမ်းခံရတာ....သုဘရာဇာလေးပေါ့...”

ထိုအုပ်စုကလည်း ကျွန်တော်တို့ လျှောက်ရာလမ်းအတိုင်းပင် နောက်မှ ရွေ့လျားလာကြခြင်းဖြစ်၏။

“ရှေ့က ခုံရုံးမှာ ဒီအမှုကို စီရင်လိမ့်မယ်....ဝင်လေ့လာရအောင်...”

ကျွန်တော် မစပ်စုလိုပါ။ သို့သော် အဖေါ်ကို မတားဖြစ်ခဲ့။ သို့ဖြစ် ထိုအမှုကို နားဆင်သော အရိုသတ်ထဲမှာ ကျွန်တော်တို့လည်း ရောက်ရှိပါဝင်သွားတော့၏။

ဖိနပ်ချွတ်၏။ ဖုန်ခါ၏။ ကျွန်တော့်ကိုယ်ကို သန့်စင်စေသည်။ ထို့နောက် တရားစီရင်ချက်ကို ငြိမ်သက်စွာနားထောင်နေ လိုက်၏။

( ၂ )

ဝိုင်းစက်သော မျက်လုံးများရှိသည့် သုဘရာဇာလေးကို တရားသူကြီးက မေးခွန်းထုတ်၏။

“ဂီတပညာရှင်က သူ့ဘာသာ တိရစ္ဆာန်တွေကို တူရိယာနဲ့ တီးမှုတ်ဖျော်ဖြေနေတာကို မင်းဘာကြောင့် သွားပြီး ရန်လုပ်ရတာလဲ... မင်းရဲ့ တိုက်ခိုက်မှုကြောင့် သူလည်း ဒဏ်ရာရသွားတယ်... သူ့ကျွဲတွေ ထွက်ပြေးကြတာမှာ သူများစိုက်ခင်းတွေကို နင်းမိတယ်... မင်းအပြစ်ပဲ... ဘာကိစ္စ မင်း အဲဒီလို လုပ်ရတာလဲ...”

သုဘရာဇာလေးက ရဲရင့်ပုံရသည်။ သူပြောရမည့်စကားတို့ကို ခေါင်းထဲမှာ စီစဉ်ချိတ်ဆက်နေသည်။ ထို့နောက်မှ....

“ဒီလိုပါ...ကျွန်တော်တို့ရဲ့ သချိုင်းမြေမှာ ရုပ်အလောင်းတွေ စနစ်တကျ မြှုပ်နှံနိုင်ဖို့အတွက်

ကျွန်တော်က မကြာခဏ စစ်ဆေးရလေ့ရှိပါတယ်....အဲဒီမှာပဲ တစ်နေ့ကျတော့ ထူးဆန်းတာတစ်ခုကို ကျွန်တော် သွားတွေ့လိုက်ပါတယ်။ အဲဒါက ဘာလဲဆိုတော့ ကျွန်တော် မတူးဘဲနဲ့ အလိုလျောက်ဖြစ်ပေါ်လာတဲ့ ကျင်းတစ်ခုပါပဲ။ အဲဒီနေရာက မြေဟာ အင်မတန်တူးရခက်တဲ့ မြေဖြစ်ပါတယ်။ ကျွန်တော်တို့ တူးဖို့ရာ မစွမ်းနိုင်တဲ့ ကျင်းပါ။ ညဘက်မှာ မြေပြတ်ရွေ့တစ်ခုဖြစ်ပြီး မနက်ကျတော့ အဲဒီမှာ ကျင်းတစ်ခုပေါ်နေတာကို တွေ့ရတာပါ...”

နားထောင်သူများက စိတ်ဝင်တစားရှိကြ၏။ အဖေါ်ဖြစ်သူကလည်း ကျွန်တော့်လက်မောင်းကို ဖျစ်ညှစ်ဆုပ်ကိုင်သည်။ သုဘရာဇာလေးကို ငေးကြည့်သည်။

“အဲဒီ ကျင်းဟာ...အလောင်းတစ်လောင်းမြှုပ်နှံဖို့အတွက် အလောတော် အနေအထားမှာရှိပါတယ်။ ထူးခြားတာက ကျင်းရဲ့ အတွင်းနှုတ်ခမ်းသား မြေတွေဟာ အချွန်အတက်တွေနဲ့ ဘီလူးတစ်ကောင်ရဲ့ အစွယ်တွေလို ထိုးထောင်ထွက်နေပါတယ်။ အောက်ခြေမြေဟာလည်း စိမ်းဝါဝါနဲ့ မဖွယ်မရာအရောင်ရှိပါတယ်။ ချောက်ချားစရာကောင်းလှတဲ့ ကျင်းဖြစ်ပါတယ်။ ကျွန်တော်က အဲဒီကျင်းကို ငရဲကျင်းလို့ နာမည်ပေးလိုက်ပါတယ်။ အင်မတန်ဆိုးဝါးတဲ့ လူတစ်ယောက်ရဲ့ ရုပ်အလောင်းရောက်လာရင် သူနဲ့ ထိုက်တန်တဲ့ အဲဒီကျင်းထဲမှာ မြှုပ်မယ်လို့လည်း တေးမှတ်ထားလိုက်ပါတယ်...”

သုဘရာဇာလေး၏ စကားကို စိတ်မဝင်စားပဲ အခန်းထဲ ရောက်နေသူဆို၍ တစ်ယောက်တည်းရှိသည်။ ထိုသူကား ဂီတပညာရှင်ဖြစ်၏။ မည်သူ့ကိုမှ မကြည့်။ မည်သည့် စိတ်လှုပ်ရှားမှုကိုမှလည်း မပြ။ သူ့ဒဏ်ရာကိုလည်း ဂရုမစိုက်။ သူ့လက်ထဲမှ စက္ကူချပ်လေးများကိုသာ တွဲဆက်နေသည်။ (စက္ကူတစ်ချပ်တွင် ဂီတသင်္ကေတတစ်လုံး ရေးထားသည်။)

“အဲဒီလိုနဲ့ တစ်ရက်မှာ အရပ်ထဲက ကောက်ကျစ်တဲ့ လူတစ်ယောက်ရဲ့ အလောင်းရောက်လာတယ်။ ငရဲကျင်းမှာ မြှုပ်ဖို့ စီစဉ်ပြီးမှ သေသေချာချာ ထပ်စဉ်းစားတယ်။ သူ့ရဲ့ ကောက်ကျစ်မှုတွေဟာ ငရဲကျင်းမှာ မြှုပ်ရလောက်အောင် မဆိုးဝါးပါဘူးဆိုပြီး တခြားနေရာမှာ ပြောင်းမြှုပ်လိုက်တယ်။ နောက်တစ်လမှာ ရာဇဝတ်သားကြီး တစ်ယောက်ရဲ့ အလောင်း ရောက်လာတယ်။ သူ့ရာဇဝတ်မှုကို စုံစမ်းလိုက်တော့ ငရဲကျင်းမှာ မမြှုပ်လောက်ပြန်ဘူး။ အဲဒီလိုနဲ့ ရက်တွေ လတွေ ကြာသွားတယ်။ ငရဲကျင်းမှာ မြှုပ်ရလောက်မယ့် အလောင်းမလာဘူး။ ကျွန်တော်လည်း ငါတို့မြို့မှာ ဒီလောက်ရိုင်းစိုင်းယုတ်မာတဲ့လူ မရှိဘူးထင်ပါရဲ့...ဆိုပြီး ပီတိဖြစ်လာတယ်။ ဒါပေမယ့် တစ်ရက်မှာ ကျွန်တော် စိတ်မအီမသာဖြစ်ရပါလေရော....။ ဘာဖြစ်လို့လဲဆိုတော့ ငရဲကျင်း နောက်တစ်ကျင်းထပ်ပေါ်လာလို့ပါ...”

“အဲ..”

“ဟဲ့...”





အခန်းထဲမှ လူများက ငရဲကျင်းကို ထိတ်လန့်ကြ၏။ ထိုကျင်း၌လည်း ကျောမခင်းလို။ သက်ပြင်းတွေ ဝေကြသည် ကျွန်တော့်အဖေါ်ကပင် “အဲဒီကျင်းတွေ ပြန်ဖို့လိုက်ရင် ပြီးရော...”ဟု ပြော၏။ ကျွန်တော်က မည်သို့မျှ မတုံ့ပြန်ပါ။

သုဘရာဇာလေးက စကားဆက်သည်။

“အဲဒါနဲ့ပဲ ကျွန်တော်မြို့ထဲကို ထွက်ခဲ့ပါတယ်။ ငရဲကျင်းတွေနဲ့ တန်တဲ့ လူယုတ်မာကော ရှိရဲ့လား..ဆိုတဲ့ သဘောအတွေးနဲ့ပါ။ အချိန်အတော်ကြာ လှည့်ပတ်ကြည့်တဲ့ အထိ ဘယ်သူ့ကိုမှ မတွေ့ပါဘူး။ ကျွန်တော်လည်း စိတ်သက်သာရာရသွားတယ်။ သင်္ချိုင်းဘက်ကို လှည့်ပြန်လာတယ်။ အဲဒီမှာပဲ သစ်ပင်တွေ ထူပြောတဲ့ လမ်းမှာ အံ့ဩစရာကောင်းတဲ့ မြင်ကွင်းကြောင့် ငေးကြောင်သွားမိပါတယ်”

နှုတ်ခမ်းကို လျှာနှင့်သပ်၏။ အသက်ပြင်းပြင်း တစ်ချက်ရှူ၏။ ထို့နောက်ဆက်ပြော၏။

“သစ်ပင်တွေကြားမှာ ကျွဲတစ်အုပ် ရောက်နေပါတယ်။ သူတို့ဟာ အမြီးတွေ..နားရွက်တွေ ထောင်ပြီး သူတို့ရှေ့တည့်တည့်ကို ပြူးကြောင်တဲ့ မျက်လုံးတွေနဲ့ ဝိုင်းအုံကြည့်နေကြပါတယ်။ စူးရှဆွဲငင်တဲ့ သံစဉ်တစ်ခုကိုလည်း ကျွန်တော်ကြားနေရပါတယ်။ ကျွဲတွေ ကြည့်ရာကို လိုက်ကြည့်တဲ့ အခါ အဲဒီ ဂီတပညာရှင်ဆိုတဲ့ လူယုတ်မာကို တွေ့ရပါတယ်။ သူ့ဂီတသံတွေကို ကျွဲတွေနောက်က နားထောင်ရင်း ကျွန်တော့်ရင်ထဲမှာ ဒေါသတွေ အလိပ်လိုက် ထလာပါတယ်။ ဒီလူကို ကျွန်တော်မြင်ရတာလည်း မိစ္ဆာရိုင်းတစ်ကောင် သူရာရည်မူးပြီး တူရိယာနဲ့ မြူးကြွနေသလို ခံစားရပါတယ်။ ကျွဲတွေဘက်က နာကြည်းခံပြင်းရင်း ကျွန်တော် တစ်ကိုယ်လုံး သွေးတွေ တဖျင်းဖျင်း ဆူလာပါတယ်။ ငရဲကျင်းနဲ့ လိုက်ဖက်တဲ့ လူယုတ်မာဟာ ဒီလူပဲဆိုတာကို သိမြင်လိုက်ပါတယ်။ အဲဒီအချိန်မှာ ကျွဲတွေက ဝုန်းကနဲ ကစဉ့်ကလျား ထွက်ပြေးကြပါတယ်။ ကျွန်တော်လည်း သူ့ကို ထမ်းပိုးနဲ့ ဝင်ရိုက်လိုက်ပါတယ်။...”

တရားသူကြီးက စာပွဲကို လက်နှင့် ဖျန်းခနဲ ပုတ်၏။

“ရပ်စမ်း...”

သုဘရာဇာလေးက စကားရပ်သည်။

“မင်းက ဘာဖြစ်လို့...အဲဒီလို ဝင်လုပ်ရတာလဲ...”

“ကျွဲတွေကို သူ အဲဒီလိုလုပ်တာ ကျွန်တော် ကျွဲတွေကိုယ်စား မခံချင်လို့...နာကြည်းလို့ပါ...”

“သူ့ဘာသာ ကျွဲတွေကို ဖျော်ဖြေတာ မင်းနဲ့ ဘာဆိုင်လဲ ကျွဲတွေက ဘာဖြစ်သွားလို့လဲ...”

တရားသူကြီး၏ အသံက ခက်ထန်လာသည်။ သုဘရာဇာလေးက တံတွေးမျိုချ၏။ ခပ်ဆတ်ဆတ်ပြန်ဖြေသည်။

"ဖြစ်ပါတယ်…ကျွန်တော် သူ့ကို ဝင်ရိုက်လို့ ကျွဲတွေ ထွက်ပြေးတာ မဟုတ်ပါဘူး…သူ့ ဂီတသံကြောင့် ကျွဲတွေ ထွက်ပြေးတာမှာ ကျွန်တော်က သူ့ကို ဝင်ရိုက်ပစ်တာပါ…"

"ဘာ…."

တရာသူကြီး နားမလည်။ တစ်ခန်းလုံးလည်း စိတ်ရှုပ်ထွေးသွား၏။ သုဘရာဇာလေးက ကပျာကယာဖြည့်ပြော၏။

"ဒီလိုပါ…သူ ကျွဲအုပ်ကို ဖျော်ဖြေတာ ဘာတူရိယာနဲ့လဲဆိုတာကို တရားသူကြီးမင်း သိပါသလား…"

တစ်ခန်းလုံး ငြိမ်သက်သွား၏။ ဂီတသမားက စက္ကူကတ်ပြားများကို လက်ထဲမှာ စီရီတွဲစပ်နေ၏။ လေထဲမျှော်ကာ ထောင်ကြည့်နေ၏။ သူ့မျက်နှာက ခံစားမှုကင်းမဲ့လျက်ပင်။ အဖေါ်ကပင်လျှင် ကျွန်တော့် နံဘေးမှာ အသက်ရှုမြန်နေသည်။

တရာသူကြီးက သုဘရာဇာလေးကို စူးစိုက်ကြည့်ပြီး….

"ပြော…"

သုဘရာဇာလေးက အံကြိတ်လိုက်သေး၏။

"သူက ကျွဲအုပ်ကို ကျွဲချိုမှုတ်ပြနေတာပါ…"

"ဘာ…"

"သူက ကျွဲချိုမှုတ်ပြီး ကျွဲအုပ်ကို ဖျော်ဖြေနေတာပါ…"

"ဟာ…"

"အို…"

"ဟာ…."

"သူ့လယ်ကွင်းမှာ ခိုင်းနေကျ ကျွဲအုပ်ထဲက ခေါင်းဆောင် ကျွဲကြီးဟာ အိုမင်းလာပါတယ်။ တဖြည်းဖြည်းနဲ့ ထွန်တုံးကို မရုန်းနိုင် မ,မနိုင်ဖြစ်လာပါတယ်။ သူရင်းငှားတွေက သူ့ကို ဒီအကြောင်းပြောတဲ့အခါ သူက ………… ပြီးတော့ အဲဒီချိုနဲ့ ကျန်တဲ့ ကျွဲတွေကို ……………"

သုဘရာဇာလေး၏ အသံကိုပင် မကြားရတော့ချေ။ တစ်ခန်းလုံး ဆူညံလာ၏။ အသံတွေ ပွတ်လောရိုက်ကုန်၏။ တရားသူကြီးက တိတ်တိတ်နေဖို့ အော်၏။ သို့သော် ပြာအက်အက်ဖြစ်နေသည်။

ကျွန်တော်က အဖေါ်၏ လက်ကို ဆွဲလိုက်၏။ လူအုပ်ကြားမှ တိုးထွက်လိုက်သည်။ "အချိန်မီ ပြန်ကြရမည်"ဟု လည်း သတိပေးလိုက်သည်။ ကျွန်တော်တို့ လမ်းပေါ်ပြန်ရောက်လာကြ၏။

လမ်းဆက်လျှောက်လာခဲ့သည်။ မြို့ကိုလွန်၏။ တောင်ယာတွေကို ကိုက်ဝါးပြီးသော မီးခိုးတွေက မိုးပေါ်သို့ ဒုန်းဆိုင်းပြေးတက်၏ သူတို့၏ ခွာသံတဖြောင်းဖြောင်းအောက်တွင် တောင်ယာက



ခေါင်းကျိုးကျန်ရစ်ခဲ့သည်။

( ၃ )

ထုံးစံအတိုင်းပင်။ တောင်ပတ်လမ်းကို မြူခိုးတွေက ငုံနမ်းနေ၏။ အဖေါ်က ကျွန်တော့်ကို မေးသည်။

"ဘယ်သူရှုံးမလဲ…."

"သုဘရာဇာလေးက ကိုယ်ထိလက်ရောက် ကျူးလွန်လိုက်တော့…သူပဲ ပြစ်ဒဏ်ပေးခံရလိမ့်မယ်။ ဒါပေမယ့် ရှုံးတယ်လို့တော့ မဆိုနိုင်ဘူး…"

"ဘာဖြစ်လို့လဲ…."

"နောက် နှစ်တွေကြာလို့ ဒီ ဂီတသမား သေသွားရင် သူက ငရဲကျင်းမှာ မြုပ်ပစ်လိုက်မှာ သေချာတယ်လေ…"

"ဒါဆို ဂီတသမားရှုံးတာပေါ့…"

"ဟင့်အင်း… ဒီလူက သေတာရင်တာတွေ…ဘယ်လမ်းမှာ လျှောက်ပြီး ဘယ်ကျင်းထဲရောက်တယ်ဆိုတာ ဘာမှတွေးမယ့်လူ မဟုတ်ဘူး။ သူလုပ်ချင်ရာ လုပ်နေမယ့်လူ… သူ့မှာ အနိုင်တွေ အရှုံးတွေ မရှိဘူး…"

"ဒါဆို ဘယ်သူမှ မရှုံးဘူးလား…"

ယောင်ယောင်ကလေးပြုံးဖြစ်၏။

"တရားသူကြီး ရှုံးတယ်…"

"ဟင်…ဘာဖြစ်လို့လဲ…."

"ဒီအမှုမှာ…တရားသူကြီးဟာ ဂီတသမားဘက်က ရပ်တည်ပြီး ပြစ်ဒဏ်ချရမယ်။ အဲဒါကို သုဘရာဇာလေးက ကျေနပ်မှာ မဟုတ်ဘူး။ မရားသူကြီးတစ်ယောက်အဖြစ် မြင်သွားလိမ့်မယ်။ တရားသူကြီး သေလို့ရှိရင် သုဘရာဇာလေးဟာ သူထပ်တွေ့ခဲ့တဲ့ ဒုတိယငရဲကျင်းမှာ တရားသူကြီးကို မြုပ်လိမ့်မယ်။ အဲဒါကြောင့် ဒီအမှုမှာ တရားသူကြီး ရှုံးသွားတယ်…"

ကျွန်တော့် စကားအဆုံးမှာ အဖေါ်က လိုက်လှဲစွာရယ်၏။ သူ့ရယ်သံဝါးဝါးကြီးက အတော်နှင့် မစဲချေ။

"လာ..လျှောက်ကြဦးစို့…. အချိန်မရှိတော့ဘူး…."

ခြေလှမ်းကို အရှိန်မြှင့်လိုက်ကြသည်။ ကောင်းကင်ကို မော့ကြည့်မိ၏။ ပျံလွှားတစ်အုပ်က ကျွန်တော်တို့ ရှေ့မှ အကြိုပျံသန်းသွားလေသည်။

## ကျွန်တော်နှင့်ကံကြမ္မာလက်မှတ်များ

( ၁ )

“ကံကြမ္မာဆိုတာ ဘာလဲ”ဟု အသေအချာ မသိသေးသော အချိန်ကပင် ကံဆိုးခြင်းတရာကို ကျွန်တော် ခပ်ဖျော့ဖျော့ခံစားခဲ့ရ ဖူးလေသည်။ လေးတန်းအရွယ်ကျောင်းမှာ ပျော်ပွဲစားလုပ်ကြစဉ်က ဖြစ်၏။

အခြားကျောင်းသား ကျောင်းသူလေးများ အားလုံးမှာ ဆရာမများ ချက်ကျွေးသော ငါးကြီးကြီးဖြင့် စားရလေ၏။ တစ်ကျောင်းလုံးမှာ ကျွန်တော် တစ်ယောက်တည်း ဖောက်ပြီး ဥမပါသော ငါးကိုစားရလေသည်။ ကျွန်တော်လည်း ကိုယ့်ပန်းကန်ထဲမှ ငါးကိုကြည့်လိုက်၊ သူများပန်းကန်ထဲမှ ငါးကိုကြည့်လိုက်ဖြင့် မကျေမနပ်ဖြစ်နေမိ၏။ သူငယ်ချင်းများက “ကရော်…ကရော်”ဟု ဝိုင်းစကြသောအခါ “ဘာဖြစ်လဲ…ဥမပါတော့ ပိုကောင်းတာပေါ့…ငါ့ငါးက အပျို….”ဟု ပြန်ပြောလိုက်၏။ ဆရာမများက ဝါးခနဲ ဝိုင်းရယ်ကြသည်။ ထိုအဖြစ်အပျက်ကလေးသည် သူတစ်ပါးအတွက် ဘာမှ မဟုတ်ခဲ့၊ အရေးမပါသော်လည်း ကျွန်တော့်အတွက်မူ “လောကမှာ ဒါမျိုးလည်း ဖြစ်တတ်တာကို…”ဟု ကံကြမ္မာဆိုသောအရာကို မရေမရာဖြင့် စတင်ခံစားခဲ့ရခြင်းဖြစ်လေသည်။

ထိုနောက်တွင် ထို “ကံ”ကို သတ်ပုံမှန်အောင် သေးသေးတင်ဖြင့် “ကံ” ရကြောင်း ဆရာသင်ကြားတာကို အမှတ်ထင်ထင်ဖြစ်မိ၏။ သို့သော် နငယ်သတ်သော “ကန်”များ ဆိုးဝါးလျှင် ပြုပြင်ရလွယ်ပြီး ကကြီးပေါ် အစက်ကလေးတစ်စက်တင်ရုံဖြင့်ရသော ထိုကံများဆိုးဝါးလျှင် မည်သို့မျှ ပြုပြင်၍ မလွယ်ကြောင်းကို ထိုစဉ်က မသိခဲ့။

နောက်ပိုင်းကာလများတွင် “မင်းတို့ ကံကောင်းတဲ့သူ ရမှာပေါ့…”ဟု ဆရာမက ကြေညာပြီး စီစဉ်ပေးသဖြင့် စာသင်ခန်းထဲတွင် ဘောလ်ပင်လေးများ မကြာခဏ မဲနှိုက်ရသည်ကို ကြုံဖူး၏။ လက်ချောင်းတို့ တုန်မိသည်အထိ စိတ်လှုပ်ရှားကာ ထိုစက္ကူမဲလိပ်တို့ကို နှိုက်ယူဖူးပါသော်လည်း ကျွန်တော်ရသမျှမဲမှာ “ဗလာ” ဖြစ်လေသည်။ ဆရာမပြောသည့် “ကံကောင်းသောလူမှာ” ကျွန်တော် တစ်ခါမှ မဖြစ်ခဲ့။ ထိုသို့သော ဖြစ်ရပ်မျိုးကို ကြုံကြိုက်ပေါင်းများလာမှ ကိုယ့်ကိုယ်ကို ကံမကောင်းသောလူမှန်း သိတော့၏။

“မင်းတို့ထဲက ကံဆိုးတဲ့သူတော့ ခံရပြီပေါ့ကွာ….” ဟု ဆရာမစီစဉ်သော အချို့မဲများကို အံ့သြစရာကောင်းလောက်အောင် ကျွန်တော် တည့်တည့် ပေါက်လေသည်။ ဥပမာ…စာသင်ခန်းထဲမှာ တံမြက်စည်းလှည်းရန်၊ သောက်ရေခပ်သွားရန် စသည်မဲတို့ဖြစ်၏။ တစ်ခါဆိုလျှင် ကျောင်းသား(၇၀)ရှိသော စာသင်ခန်း၌ မဲလိပ်(၇၀)ကို ကျွန်တော်က အရင်ဆုံးနှိုက်ရလေသည်။ စိတ်တိုစရာကောင်းလောက်အောင် ကျွန်တော်ပဲ ထိပ်ဆုံးက





ပေါက်သွား၏။ ကျန်ကျောင်းသား(၆၉)ယောက်က ဝမ်းသာအားရ ဝါးခနဲ ဝိုင်းရယ်ကြလေသည်။ ထိုညနေကျောင်းမှ အပြန် “ကံမကောင်းရုံမဟုတ်ဘူး ငါက ကံ ကိုဆိုးတာ….”ဟု လေးလေးလံလံ တွေးလာတော့၏။

ခြောက်တန်းနှစ်မှာလည်း သတိရစရာကိစ္စတစ်ရပ် ဖြစ်ဖူးလေသည်။ စာသင်ခန်းတွင် အောင်စာရင်းကတ်ပြားများ ဝေစဉ်က ဖြစ်၏။ အောင်စာရင်းကတ်ပြားကို ကပျာကယာဖွင့်ကြည့်ပြီး ကျွန်တော်မျက်လုံးများ ပြာဝေသွားရသည်။ ကျွန်တော် အိမ်အပြန်ခက်တော့မည်။

“မဟုတ်ဘူး…မဟုတ်ဘူး…”ဟု ခေါင်းကို ဘယ်ညာခါရမ်းရင်း ဆရာကို သွားစကားပြောရသည်။

ဆရာက တစ်ခန်းလုံးကို ဝေထားပြီးသော အောင်စာရင်းကတ်ပြားများအား ပြန်သိမ်းယူ၏။ အားလုံးကို ပြန်ပြင်ရ၏။ (သူ၏ မတော်တဆ မှားယွင်းမှုဖြစ်သည်။) အမှန်အတိုင်း ပြင်ပြီးသော အခါ ကျွန်တော်က အဆင့်(၁)ဖြစ်၏။ စိတ်မောလူမောဖြင့် ကျွန်တော် ပင့်သက်ရှိုက်မိသော်လည်း ပြဿနာက ထိုမှာရပ်မသွားချေ။

ကျောင်းဆင်းသောအခါ “နင်ကတော့ ဖြစ်ရမယ်” ဟု သူငယ်ချင်းများက ဝိုင်းရယ်ရင်း ပြင်ဆင်ရေးခြစ်ထားသော အောင်စာရင်းကတ်ပြာကို တောင်းယူကြည့်ကြ၏။ သို့ဖြင့် လမ်းမှာ ထိုကတ်ပြားကြီး ပျောက်သွားလေသည်။ အိမ်ရှေ့ရောက်မှ ကျွန်တော် ငိုရမလို၊ ထခုန်ရမလိုဖြစ်နေတော့၏။ သို့သော် လမ်းမှာကောက်ရ၍ဆိုပြီး ကျောင်းသားတစ်ယောက်က လာပြန်ပေးသဖြင့် ဝမ်းသာအားရပြန်ဖြစ်ကာ သက်ပြင်းချမိပြန်၏။ သို့သော် ပြဿနာက ထိုမှလည်း မရပ်ပဲ ဖြစ်ပြန်၏။

ကျွန်တော့်အိမ်မှာ မည်သူမှမရှိပဲ သော့ပိတ်ထား၍ လူကြီးများပြန်မလာခင် ဘေးအိမ်မှာ သွားနေရ၏။ ကျွန်တော့် အောင်စာရင်းကတ်ပြားကို ထိုအိမ်မှလူတို့ ယူကြည့်ကြ၊ ဝေဖန်ကြ၏။ နောက်မှ မည်သို့ဖြစ်သည် မသိ။ ဗြိခနဲ အသံကြား၍ ကြည့်လိုက်သောအခါ ထိုကတ်ပြားကို ထိုအိမ်မှ ကလေးငယ်တစ်ယောက် ကစားရင်း ဖြဲပစ်လိုက်သည်။ “ဟာ…”ခနဲ ကျွန်တော် ပြေးသွားသောအခါ နှစ်ခြမ်းဖြစ်နေလေပြီ။ ကျွန်တော်က လုယူရန်ပြင်သောအခါ ထိုကလေးက ကတ်ပြားကို ဝါးစားပစ်လိုက်လေသည်။ ကျွန်တော် အလွန်စိတ်ဆိုးသွားသော်လည်း ဘာမှမလုပ်ရဲချေ။ ကျွန်တော်ထုလိုက်သဖြင့် သူအော်ငိုလျှင် ကျွန်တော်ပဲ မကောင်းရှိမည်။ အကြီးအကျယ် စိတ်ပျက်ရင်း ကိုယ့်အဆင်မပြေခြင်းကိုသာ အံ့သြနေမိတော့၏။

( ၂ )

တစ်စတစ်စနှင့် “ကံကြမ္မာ”ဆိုသော အရာကို အဆိုးမြင်ဘက်မှ ကြည့်မိရင်း ကျွန်တော် ကြောက်လာဖူးသည်။ တန်းတူအခွင့်အရေး ရမည်ဆိုလျှင် မည်သူ့ကိုမျှ မမှုချင်သော ကျွန်တော့်အား

"ကံ ကြမ္မာ"ဟူသည့် ဒိုင်လူကြီးက ကြားမှဝင်၍ ထိုးသွားတတ်၏။ ထိုသို့ဖြင့် ပြိုင်မြင်းဆန်သော ကျွန်တော့်ဘဝတွင် ခွာလိပ်ခဲ့ရသည်တို့ကလည်း အခါခါပင် ဖြစ်လေတော့သည်။ သိုးဆောင်းအယူအဆတွင် (၁၃)ဂဏန်းသည် ကံမကောင်းသော ဂဏန်းဖြစ်၏။ အနောက်နိုင်ငံမှ တည်းခိုခန်းအချို့တွင် အခန်း(၁၃)ဆိုလျှင် မည်သူကမှ မတည်းခိုချင်ကြောင်း၊ အခန်း(၁၂) ပြီးသည်နှင့် အခန်း(၁၄)ကိုထားရကြောင်း ကြားသိနေရတော့ မပီမပြင်ပြုံးဖြစ်သည့်။

လွန်ခဲ့သော(၂၆)နှစ်၊ မိုးတွေလေတွေ ဝုန်းဒိုင်းကြဲရွာသွန်းပေါက်ကွဲသော(၁၃)ရက်နေ့တွင် ကျွန်တော့်ကို မွေးဖွားခဲ့လေသည်။ အီဂျစ်ပြက္ခဒိန်တွင် ကံမကောင်းခဲ့သော ကျွန်တော့်ကိုယ် ကျွန်တော် မြန်မာပြက္ခဒိန်တွင် ရှာဖွေကြည့်မိသောအခါ ထပ်မံအံ့သြရပါ၏။ ကျွန်တော်သည် မြန်မာလိုလည်း လဆုတ်(၁၃)ရက်ဖွား ဖြစ်လေသည်။ ပြက္ခဒိန်စာအုပ်ကို ပြန်ပိတ်၍ ဒဏ်ရာရနေသော သားကောင်တစ်ကောင်ကြည့်သလို ပြန်ကြည့်မိတော့၏။

ထိုသော ကျွန်တော်သည် အောင်ဘာလေဆုကြီးများ သုံးကြိမ်သုံးခါတိုင်တိုင် နောက်ဆုံးတစ်လုံးတည်း ကပ်လွဲဖူးလေသည်။ သူငယ်ချင်းများက ကျွန်တော့်အစား အူယားကြသည်ဟု သိရသည်။ ကျွန်တော်ကတော့ အနည်းငယ်ပျော်သလိုဖြစ်သည်ကလွဲ၍ ထူးထူးခြားခြား မည်သို့မှ မခံစားမိချေ။ ဘေးလူများက ဝိုင်းတိုက်တွန်း၍ နောက်အပတ်များတွင် ထီကိုယခင်ကလို တစ်စောင်တည်းမဟုတ်တော့ဘဲ ရွက်ရေများများ ထိုးမိလေ၏။ ထိုအခါကျ ပြန်တော့လည်း နည်းနည်းမှ မနီးစပ်တော့ဘဲ တက်တက်စင်အောင် လွဲလေသည်။

ကျွန်တော့်အတွက်မူ ထီဆုကြီးများသည် များများထိုးလျှင် များများလွဲ၏။ နည်းနည်းထိုးလျှင် နည်းနည်းလွဲ၏။ တစ်စောင်တည်းထိုးလျှင် နောက်ဆုံးတစ်လုံးတည်း ကပ်လွဲ၏။ တစ်စောင်မှ မထိုးလျှင် မပေါက်ချေ။ ကျွန်တော် မည်သို့လုပ်ရမည် မသိ။ နောက်ဆုံးကျတော့လည်း ထီကိုလုံးဝမထိုးတော့ပဲ သူများတွေ ထီတိုက်နေတာကို နံဘေးမှပြုံးယောင်ယောင်ဖြင့် ကြည့်တတ်လာတော့၏။

ဆယ်တန်း ကျောင်းသားဘဝ၏ ခြောက်လပတ် စာမေးပွဲတစ်ခုတွင်မူ

"ကျွန်ုပ်သိန်းထီပေါက်ခဲ့သော်..." ခေါင်းစဉ်ဖြင့် စာစီစာကုံးတစ်ပုဒ်ကို ရေးရဖူးလေသည်။ ကျွန်တော်မျက်မှောင်ကြုတ်ပြီး မည်သို့ရေးရမည်ကို စဉ်းစားကြည့်ပါသေး၏။ ပြီးမှ သေသေချာချာ ရေးခဲ့ပါ၏။ စာမေးပွဲကြီးပြီးဆုံး၍ မြန်မာစာအမှတ်များကို ဆရာက အတန်းထဲတွင် ပြောသောအခါ ကျွန်တော်က အခန်းရှေ့ထွက်၍ အရိုက်ခံရပါတော့သည်။ ကျွန်တော်က

"စားပြီးအိပ်...အိပ်ပြီးစား...စားပြီးအိပ်....အိပ်ပြီးစား"ဟု ခြောက်မျက်နှာရေးခဲ့သောကြောင့် ဖြစ်လေသည်။

ကျွန်းတော့်ဘဝ ကျွန်တော့ဘက်မှ ကံကြမ္မာနှင့် ပတ်သက်သော အယူအဆ၊ ဒါတွေကိုကြိမ်လုံးက





မသိသလို ဆရာကလည်း မသိခဲ့ချေ။ ထိုသို့ဖြင့် ကျွန်တော်သည် ပတ်ဝန်းကျင်တွင် အံဝင်ခွင်ကျမဖြစ်ခဲ့။ ကျွန်တော်က လောကအတွက် အေးမြသော ပင်လယ်တစ်စင်းအဖြစ် ကိုယ့်ကိုဆန့်ထုတ်ဖြန့်ခင်းပေးချင်၏။ သို့သော် အမှန်တကယ် ဖြစ်ရသည့်က ဗလောင်းဆူနေသော ရေတစ်စက်မျှသာဖြစ်လေသည်။

မိမိ၏ ကံကြမ္မာနံပါတ်ကို မျက်ခြေမပြတ် စောင့်ကြပ်ကြည့်ရှုရင်း မျက်လုံးဘောင်ဘင်ခတ်နေသော လူများစွာကို ကျွန်တော်ကြုံခဲ့ဖူးပါသည်။ သူတို့ကို ကျွန်တော်က သနားသောအခါ သူတို့ကလည်း ကျွန်တော့်ကို ပြန်သနားကြလေသည်။ ထီလက်မှတ်ကံစမ်းမဲစသည်တို့က ကျွန်တော့်အတွက် ပလူလိုထပျံတတ်သည့် စက္ကူအိပ်မက်များဖြစ်၏။

သူတို့အတွက်တော့ မျှော်လင့်ချက်ကို ဒရွတ်တိုက်ဆွဲသည့် စွပ်ဖားလှည်းအိုကြီးများဖြစ်၏။ ကံကြမ္မာနှင့်ပတ်သက်လျှင် ကျွန်တော်နှင့် အခြားလူများ ထိုသို့ ကွဲပြားလေသည်။

ကျွန်တော့်တွင် ဖားနှင့်တူသော မိတ်ဆွေတစ်ယောက်ရှိ၏။ စီးပွားရေး၊ ငွေစသည်တို့နှင့် ပတ်သက်လာလျှင် ထိုင်ရာမှပင် ခုန်ထနိုင်လောက်အောင် သတိရှိသောကြောင့် သူ့ကိုမြင်လျှင် ဖားကို သတိရမိခြင်းဖြစ်သည်။ ပြီးခဲ့သည့်လထဲမှာ ငွေအလုံးအရင်းဖြင့် သူထီကစားပါသည်။ တစ်စောင်မှ မပေါက်။ ထို့အတွက် သူအရက်တစ်ခွက်သောက်၏။ ကျွန်တော်က ပြုံးနေသောအခါ သူက ကျွန်တော့်အပြုံးကို နားလည်စွာ ပြန်ပြုံး၏။

တယ်လီဗေးရှင်းထဲတွင် ပယ်နယ်တီဖြင့် အဆုံးအဖြတ်ပေးသော ဘောလုံးပွဲကို လှမ်းကြည့်ရင်း ကျွန်တော်ဘယ်တော့မှ မေ့မည်မဟုတ်သည့် စကားတစ်ခွန်းကို ခပ်တိုးတိုးပြော၏။

"အဲ ဒီ့ ဘော လုံး ပွဲ မှာ ... ပယ် နယ် တီ ကန် နေ ကြ သ လို ပေါ့ ဗျာ ... သေ သေ ချာ ချာ လေ့ကျင့်ထားတဲ့လူတွေက သေသေချာချာ တည်ထားတဲ့ ဘောလုံးကို သေသေချာချာချိန်ကန်တာတောင် လွဲသွားတတ်သေးတာပဲ...အခုဟာက ကံကြမ္မာကို...."

ထိုသောအခါ သူငယ်ချင်းတစ်ယောက်က ကျွန်တော့်ကို "ခေါင်းလား...ပန်းလား...." မေးပြီးဒင်္ဂါးကိုလေထဲမြှောက်၏။ "ပန်းပန်ထားသော ခေါင်း..." ကို လိုချင်မိလျှင် ကျွန်တော်က အလွန်ဖြစ်ပါသည်။ သို့သော် ခေါင်းဟုဖြေပါလျက် ပန်းချည်းကျနေလျှင်၊ ပန်းဟုဖြေပါလျက် ခေါင်းချည်းကျနေလျှင် မည်သူ့ကို အပြစ်တင်ရပါတော့မည်နည်း။

ထိုညက သန်းခေါင်လွန်သော် နှင်းတွေလွင့်လွင့်ဝေဝေကျ၏။ အိပ်မရသော ကျွန်တော်သည် ဗေဒင်လက္ခဏာစာအုပ် တစ်အုပ်ကို ထုတ်ဖတ်မိလေသည်။ ထိုစာအုပ်မှ သိလိုက်ရသည်မှာ ကျွန်တော်၏ ကျောပြင်သည် သုမနနှင့်တူ၏။ ကျွန်တော့်သွေးသည် လက်သည်းဆိုးဆေးနှင့်မတူ။ အသေချာဆုံး အချက်ကို မင်နီတားလိုက်၏။ ကျွန်တော်သည် လူသားဖြစ်၏။ လက်ဝါးမှာ အများလက္ခဏာပါလာလေသည်။

( ၃ )

မှောက်ထားသော ဖဲချပ်လေးများတွင် မှော်အတတ်ရှိ၏။ သူတို့ကို ဆွဲလှန်ပြီး ဖြန်းခနဲပစ်ချလိုက်ခြင်းအားဖြင့် အချို့လူများကို နှလုံးရောဂါရစေပါသည်။ လူတိုင်းတွင် မှောက်ဖဲလေးများ ရှိတတ်၏။ ကျွန်တော့်တွင်လည်း ရှိသည်။ သို့သော် မည်သည့်အခါမှ ကျွန်တော့်မှောက်ဖဲကို ကျွန်တော်ဆွဲလှန်လိမ့်မည် မဟုတ်ချေ။

လျှို့ဝှက်သိပ်သည်းစွာ ဣန္ဒြေရနေသော မှောက်ဖဲလေးများ၏ ဘဝကို ကျွန်တော့်ကြောင့် မနိမ့်ကျစေလိုပါ။ ကျွန်တော့် လက်ဖြင့် ဆွဲလှန်လျှင် သူတို့အတွက် ပက်လက်လန်သည်ကလွဲ၍ ဘာကိုမှ အစွမ်းပြနိုင်မည်မဟုတ်။

ကျွန်တော်က ကြိုးစားရတာကို ပျော်တတ်သော သဘာဝရှိ၏။ အချို့သော ကံကြမ္မာ အချိုးအကွေ့များတွင်တော့ တဖြည်းဖြည်း မပျော်ဝင်နိုင်ဖြစ်လာခဲ့သည်။ လူကပြေးသော်လည်း ကံကနေးနေသည်။ လူက သွားသော်လည်း ကံကနားနေသည်။ လူက ရှုံးမှပဲ ကံကပြုံးတော့၏။ တစ်ခါတစ်ခါတော့လည်း ကျွန်တော်သည် ဘယ်သူ့ကိုဟု တိတိပပ မပြောနိုင်ပဲ နာကြည်းနေခဲ့ဖူး၏။ မသေချာပဲ ဘာကိုမှ ရဲရဲဝံ့ဝံ့ မလုပ်တော့။ ကံကြမ္မာနှင့် စစ်တုရင်ထိုးမည့် အစားနွားသိုးနှင့်သာ ခေါင်းချင်းဆောင့်နေချင်တော့၏။

ကျွန်တော့်ဘဝကို အစဆုံး မြင်နေရသော မိတ်ဆွေ ကျောင်းဆရာတစ်ဦးက ရင်းနှီးစွာ အကြံပေးဖူး၏။

"ခင်ဗျားက လေယာဉ်ပေါ်မှ ခုန်ချပြီးမှ လေထီးမပွင့်တဲ့ စစ်သားလိုဖြစ်နေတယ်...တချို့အလုပ်တွေကို ခင်ဗျားမလုပ်နဲ့ မရဘူးဗျ...မကြိုးစားနဲ့ ခင်ဗျားကို

"ကံ"မလိုက်နိုင်ဘူး.... ခင်ဗျားက သေအောင်ကြိုးစားရင် သေသွားမယ်... ရမှာမဟုတ်ဘူး..."

ထိုသို့ဖြင့် ကျွန်တောနှင့် ကံကြမ္မာသည်(ဓမ္မာ၊ သောက၊ အင်းဝ၊ ရာဇာ) ဖြစ်လဲ့လေသည်။ ကံကြမ္မာဆိုးတို့ကသာ မိုးကြိုးလို ထစ်ချုန်းဆူးနစ်တတ်သော သဘောရှိမည်းဆိုလျှင် ကျွန်တော့် ခန္ဓာတစ်နံတစ်လျား ခြေဖဝါးမှ ဦးကင်းတိုင်အောင် မိုးကြိုးသွားတို့ အစင်းစင်းဖြာဝေ စိုက်နစ်နေပေလိမ့်မည်။

စောင်းကြိုးကို ကြာပွတ်ရိုးတပ်ပြီး တစ်စုံတစ်ယောက်က ရိုက်လာလျှင် နာကျင်မိမည်လား။ နှစ်တွေ ခေတ်တွေကို တပေပေ ဖြတ်သန်း ကျော်လွှားခဲ့ရ၏။ ရင်နင့်လှိုက်မောဖွယ်ရာ အတွေ့အကြုံများစွာတို့တွင် စုန်ချည်ဆန်ချည် မွှေထုံပျော်ပိုက်ခဲ့ရသော်လည်း ကျွန်တော်သည် မပြည့်စုံသေးသော လူတစ်သိုက်ထဲမှ တစ်ယောက်သာဖြစ်ခဲ့၏။

"စိတ်ရှိလက်ရှိ တရားပေါက်လိုက်ရရင်တော့ တစ်ခါတည်း နိဗ္ဗာန်ရောက်သွားတော့မယ်..."





ဟု မကြာခဏ ရေရွတ်ဖူးသော်လည်း အမှန်စင်စစ် ကျွန်တော်သည် လူ့ဘုံက ဖိနပ်စီးသော ခြေထောက်နှစ်ချောင်းပေါ်တွင် တစ်ဘဝစာ တဲလေးဆောက်၍ နေထိုင်သူသာ ဖြစ်၏။

ယောကျ်ား တစ်ယောက်ဟာ"တက္ကသိုလ်ပညာ သင်ဖူးရမယ်.... ပင်လယ်ခရီးထွက်ဖူးရမယ်.... ထောင်ကျဖူးရမယ်..."ဟု တစ်ယောက်က ပြော၏။ ထိုစကားကို သော်လည်းကောင်း၊ ဆင်တူယိုးမှား အခြားစကားများကိုသော် လည်းကောင်း ကျွန်တော်ကြားဖူးပေါင်း များပြီဖြစ်သည်။

ထိုစကားအရ ဆိုလျှင် ပင်လယ်ခရီးထွက်ရန် ကျန်နေသေးကြောင်း သတိပြုမိ၏။ ပြုံးလည်း ပြုံးမိ၏။ ထားလိုက်ပါ။ ထိုစကားအတိုင်း အံဝင်ခွင်ကျဖြစ်အောင် လိုက်လံဖြည့်ဆည်းနေမည် မဟုတ်။ ထိုစကားနှင့် မကိုက်ညီမှုအတွက် ကိုယ့်ကိုယ်ကို ယောကျ်ားမဟုတ်ပဲ မိန်းမတစ်ယောက်များ ဖြစ်နေရော့လားဟု နည်းနည်းလေးမှလည်း ထင်လိမ့်မည်းမဟုတ်။

ဘုရားစင်ပေါ်မှ သပြေပန်း လုပ်ရကောင်းလား။ ညောင်ရေအိုး လုပ်ရကောင်းမလား။ ကိုယ့်ကိုယ်ကို မကွဲပြား၊ ချိုးရုပ်တွေ ရွံ့နဲ့လုပ်ပြီး ချိုးအုပ်နားမှာတော့ ဝီစီလို သွားမှုတ်ချင်သည်။ လူ့သမိုင်းတွင် ကြိုး၊ ခေတ်က မိုးပျံပူဖောင်းဆိုလျှင် ကျွန်တော် ဟိုက်ဒရိုဂျင် လုပ်ချင်သည်။ ထိုသို့ဖြင့် ကျွန်တော် အိမ်ပြန်မရောက်တာ (၇)နှစ်တိုင်ခဲ့ပါပြီ။

(၁၃) ဂဏန်းနှင့် တွေ့ဆုံလိုလျှင်တော့ ကျွန်တော့် အမည် "မောင်ကံဆိုး"ကို သတိရမိတုန်းဖြစ်၏။ တည်ငြိမ်ရင့်ကျက်စပြု၍ အရာရာအပေါ်တွင် တုန်လှုပ်ချောက်ချားမှု နည်းပါးလာသော်လည်း ဖြစ်နိုင်မည်ဆိုလျှင် ကံကောင်းချင်ပါသေးသည်။ ထိုသို့ တွေးမိသည့် ညက လင်းဝေသော အိပ်မက်တစ်ခုကို ရ၏။

အိပ်မက်ထဲမှာ ရွှေရောင်တောက်ပသော လူတစ်ယောက် ကျွန်တော့်ဆီကို လာ၏။ ကျွန်တော်ကို စကားတစ်ခွန်းပြော၏။

"ကံကောင်းတာပဲတို့...ကံဆိုးလေခြင်းတို့ ပြောနေ... ညည်းနေတာဟာ ကိုယ်ကျိုးသမားတွေပါကွာ... ကိုယ်ကျိုးမကြည့်တဲ့လူ... ကိုယ်ကျိုးစွန့်ထားတဲ့လူမှာ ကံကောင်း ကံဆိုးမရှိပါဘူး... ကံကောင်းကောင်း ကံဆိုးဆိုး သူလုပ်သင့်တာကို လုပ်ပေးသွားတာပါပဲ... ဒါပဲပေါ့... ဒီလိုပဲ ဖြစ်ရမှာပေါ့...."

ထို့နောက် သူပြန်သွားလေသည်။ အိပ်မက်သည် ကြောက်မယ်ဖွယ်ရာ ငြိမ်သက်သွား၏။ ကျွန်တော့်ရင်ထဲမှ အနှောင်အထုံးတို့ ပုံလျက်သား ပြေကျသွား၏။ အကြွင်းမဲ့ ရှင်းသွားသည်။ ကျွန်တော်... ည... အိပ်မက်... ကံကြမ္မာ... လက်မှတ်.... ဘာဆိုဘာမှ မရှိတော့ချေ။

ထိုသို့ဖြင့် သေနေသော ကျွန်တော် ပြန်လည် ရှင်သန်လာခဲ့ရလေသည်။ လေထဲမှာ ငုတ်နေသော လူတစ်ယောက် "ဗွမ်း"ခနဲ ပြန်ပေါ်လာရခြင်းဖြစ်၏။

ဒီအချိန်ကျမှ စာရွက်ပေါ်မှာ ကျွန်တော့်ကို သိန်းဆုပေးဖူးသော မြန်မာဆရာနှင့်

အမှတ်မထင်ပြန်ဆုံရလေသည်။ "မင်း သိန်းထီပေါက်ရင် ဘာလုပ်ဦးမလဲ...." ဟု သတိတရ မေး၏။ ကျွန်တော် ရယ်၍သာနေလိုက်သည်။ အပြန်လမ်းတွင် ထီတစ်စောင်ဝင်ထိုးသည်။ အကယ်၍ ကျွန်တော်သာ သိန်းထီ၊ သန်းထီပေါက်လျှင်...

(၁) ထိုငွေများကို အကြွေဖြစ်အောင် လဲပါမည်။

(၂) ထို့နောက် ကျွန်တော်က ရုပ်စုံကာတွန်းများထဲမှ သူဌေးမင်းလို ခေါင်းပေါင်း၊ ရင်ကျပ်အင်္ကျီလက်ရှည်၊ တောင်ရှည်ပုဆိုးတို့ကို ဝတ်ပါမည်။

(၃) သျှောင်ထုံးနှင့် လူတစ်ယောက်ကို ငွေထုတ်ကြီး ထမ်းခိုင်းပါမည်။

(၄) ထို့နောက် ကျွန်တော်က ရှေ့မှရင်ကော့ လျှောက်ပြီး သူက နောက်မှ ငွေထုတ်ထမ်း၍ လိုက်လာရပါမည်။

(၅) ထိုသို့ဖြင့် အချို့လူ၊ အချို့အိမ်၊ အချို့လမ်းများရှေ့၌ ကျွန်တော်တို့ ဖြတ်လျှောက်ပါမည်။

(၆) ထိုဆရာ့အိမ်ရှေ့သို့လည်း ဖြတ်လျှောက်ပါမည်။

ကဲ ... မိတ်ဆွေ

ကျွန်တော် ထီတစ်စောင်ထိုးထားပါပြီ။ နံပါတ်က အ...၇၇၇၇၁၃ ဖြစ်ပါသည်။ ဝိုင်းဝန်းတိုက်ပြု ကြည့်ရှုပေးစေလိုပါသည်။ အတိတ်ကိုလည်း သတိထားစေလိုပါသည်။ အတိတ်က "အိပ်မက်ထဲမှာ အိပ်မက် မမက်ကြေး..."ဟူ၍ ဖြစ်ပါသည်။

## လူနှင့်လေယာဉ်ပျံ
## ပုံပြင်

ပုံပြင်၏အစမှာတော့ ကလေးငယ်ငယ် တစ်ယောက် ကျောက်စမ်းရေအိုင်တစ်ခု နံဘေးမှာ ငါးထိုင်မျှားနေလေသည်။ ခဏ အကြာမှာ နေ့စဉ် ပုံမှန် ဖြတ်သန်းနေကျ လေယာဉ်ပျံတစ်စီးက တိမ်အစင်းစင်းတို့ ခြံရံကာ၊ ထိုစမ်းရေအိုင်၏ အထက်မှ မနိမ့်မမြင့်ပျံသန်းသွား၏။

ငါးမျှားနေသော ကလေးငယ်သည် ထိုလေယာဉ်ပျံကို မြင်ကွင်းထဲမှ ပျောက်ကွယ်သည် အထိ လိုက်လံငေးကြည့်နေမိ၏။

နောက်တော့မှ သက်ပြင်းတစ်ချက်ချကာ လက်ထဲမှ ငါးမျှားတံကို စိတ်မပါ လက်မပါနှင့် ဟိုဟိုသည်သည် ရမ်းခါနေတော့သည်။ သူ့စိတ်သည် လေယာဉ်ပျံနှင့်အတူ ပါသွား၏။ သူသည် ထိုလေယာဉ်ပျံကြီး မောင်းနှင်သူ ဖြစ်ချင်လိုလှပါတော့သည်။

ထိုသို့ဖြင့် ထိုပုံပြင် ကလေး၏ အစပိုင်းမှာပင် ကလေးငယ်ကြီးပြင်သောအခါ သူမျှော်လင့်သည့် လေယာဉ်ပိုင်းလော့ကြီး ဖြစ်သွားပါတော့သည်။

ပုံပြင်အဆုံးမှာတော့ လေယာဉ်ပိုင်းလော့ကြီးက လေယာဉ်ကို မောင်းနှင်၍ ဟိုမြေပြင်ဆီမှ မှုန်ပျပျ မြင်ရရုံသာရှိသော ကျောက်စမ်းရေအိုင်ရှိရာကို ငုံ့ကြည့်သွားသည်။

ဤနေရာကို ဖြတ်တိုင်း လေယာဉ်ပိုင်းလော့သည် ဤသို့ ငုံ့ကြည့်တတ်မြဲ။ တွဲဘက်လိုက်ပါလာသူက တစ်နေ့မှာ မေးကြည့်မိသည်။ ထိုအခါ သူက သက်ပြင်းလချ၏။ အရှေ့မှာ ပိတ်ဆို့ကာဆီးထားသော တိမ်ထုကြီးကို စိတ်ရှုပ်ထွေးစွာ ကြည့်ရင်း ပြန်ဖြေသည်။

"ကျုပ် ငယ်ငယ်တုန်း ဒီနေရာလေးမှာ ထိုင်ပြီး အေးအေးဆေးဆေး ငါးမျှာနေလေ့ရှိတယ်ဗျ.... သိပ်ငြိမ်းချမ်း သိပ်ပျော်စရာကောင်းတယ်... အခုလို တာဝန်တွေနဲ့ ပိမနေပဲ အင်မတန်လွတ်လပ်ပေါ့ပါးတယ်ဗျာ... ရမယ်ဆိုရင် အဲဒီဘဝကို ပြန်လိုချင်တယ်"

စကားအဆုံးမှာ ပုံပြင်ဆုံးပါသည်။ လေယာဉ်ပိုင်းလော့ကြီး၏ ပင့်သက်ရှိုက်သံကိုပင် ကျွန်တော့် စိတ်ထဲမှ ကြားလိုက်ရသလိုရှိ၏။ ကျွန်တော့်မှာ တွေးစရာလေးတွေရလာပါသည်။

## အက်ဆေး

ကျွန်တော် စဉ်းစားမိသည်။ လူဆိုသည့် သတ္တဝါသည် "မျှော်လင့်" တတ်သော သဘာဝရှိ၏။ ကိုယ်မျှော်လင့်သည်များ ဖြစ်မြောက်လာရန်၊ စွမ်းနိုင်သမျှ ကြိုးစားကြ၏။ အချို့ အောင်မြင်ကြသည်။ အချို့ မအောင်မြင်ကြ။

အောင်မြင်သည် ဆိုပါစို့။ သူမျှော်လင့်သည့် အရာများ ဖြစ်သွားသည် ဆိုပါစို့။ သူ့ဘဝ ပြီးပြည့်စုံသွားပြီလား။ စဉ်းစားစရာဖြစ်လာပါသည်။

တစ်ခါတစ်ခါမှာတော့ လူတစ်ယောက်၏ ဘဝအတွက် မျှော်လင့်ချက်ဆိုသည်မှာ လှပဆန်းကြယ်သော "သိပ္ပံလွှန်လက်နက်" တစ်ခု ဖြစ်နေတတ်၏။ တစ်ခါတစ်ခါကျတော့လည်း ထိုမျှော်လင့်ချက်ကပင် ဘာနဲ့မှ မတူအောင် အိပ်မက်ဆေးခါးကြီးတစ်ခွက် ဖြစ်နေတတ်ပြန်သည်။ တစ်ခုကို လိုချင်လျှင် တစ်ခုကို ပေးဆပ်ရသည်။ ထိုလောက နိယာမ တရားကို လေယာဉ်ပိုင်းလော့ကြီး နားမလည်ဘူးလား။ မရသေးတဲ့၊ မရတော့တဲ့၊ ဘဝတွေကို တမ်းတပြီး ဘာဖြစ်လို့ ဒုက္ခတွေကို တူးဖေါ်ခွဲစိတ်နေတာလဲ။

ပုံပြင်လေးကို ပြန်ဖတ်မိ၏။ ပုံပြင်ထဲမှ လေယာဉ်ပျံကြီးကတော့ မိုးကောင်းကင်မှာ ပျံသန်းနေဆဲ။ (ထိုလေယာဉ်ပျံကြီးထဲမှာ) ထိုလေယာဉ်ပိုင်းလော့ကြီးနှင့်အတူ ကျွန်တော်နှင့် အခြားလူများ လိုက်ပါနေသည် ဆိုပါစို့။

## ဝတ္ထု

ကျွန်တော့်နံဘေးမှ အမျိုးသမီးက ပြောသည်။ "ရှင် ဒီ ပိုင်းလော့ကြီးအကြောင်းကို ဖတ်ဖူးလား... ပုံပြင်ထဲမှာလေ..." ရွှေ့လျားနေသော တိမ်တိုက်များကို ပြတင်းမှန်မှ တစ်ဆင့် ငေးကြည့်နေရင်း ခေါင်းညိတ်ပြလိုက်၏။ အမျိုးသမီးက ဆက်ပြောသည်။

"ကျွန်မလည်း ငယ်ငယ်ကတည်းက ဖတ်ဖူးတယ်.... အရမ်းသဘောကျတာပဲ.... ဟိုလေ.... သနားစရာလည်း ကောင်းတယ်... ခင်စရာလည်း ကောင်းတယ်နော်..."

ကျွန်တော် မည်သို့မျှ ပြန်မပြောသေးခင် မျက်စောင်းထိုးခုံမှ လူက ဝင်ပြော၏။ "ဟုတ်တယ်ဗျာ.... ကျွန်တော်လည်း အဲဒီအတိုင်းပဲ ဒီပိုင်းလော့ကြီးကို ဘယ်လိုပြောရမလဲတောင် မသိဘူး အဟဲဟဲ...."

"ရှင့်ကိုယ်ရှင် မထူးပါဘူး.... ငါလည်း ဒီပိုင်းလော့ကြီးလိုပါပဲလို့ရော မတွေးမိဘူးလား..."

"အို... တွေးမိတာပေါ့.... အစစ်ပေါ့...."

ထို့နောက် သူတို့ပြိုင်တူရယ်ကြသည်။ ရယ်သံအဆုံးမှာ အမျိုးသမီးက....

"ဒါနဲ့ နေပါဦး... အခု ကျွန်မတို့ လေယာဉ်က ဘယ်ကွင်းမှာ ဆင်းမှာလဲ...."

ထိုလူက သူ့ဘေးမှ လူကို လှည့်မေးသည်။

"ဘယ်ကွင်းမှာ ဆင်းမှာလဲဗျ...."

ထိုလူကလည်း ခေါင်းခါပြသည်။ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်မိကြ၏။ ထိုစဉ်အချိန်မှာ လေယာဉ်မယ်လေး ရောက်လာသည်။

"ပိုင်းလော့ကြီးက မေးခိုင်းလိုက်ပါတယ်ရှင်... ဘယ်ကွင်းမှာ ဆင်းကြမှာလဲတဲ့..."

"အင်း...."

ခရီးသည်များက လေယာဉ်မယ်လေးကို ကျော်ကာ ပိုင်းလော့ကြီးဆီ တိုက်ရိုက်လှမ်းမေး၏။

"ဘယ်ကွင်းမှာ ဆင်းမှာလဲ...."

ပိုင်းလော့ကြီးက ဘာမှကြားပုံမပေါ်။ လေယာဉ်မယ်ကလေးကို ကျော်ကာ ခရီးသည်တွေဆီ တိုက်ရိုက်လှမ်းမေး၏။

"ဘယ်ကွင်းမှာ ဆင်းကြမှာလဲ..."

"အင်း... အင်း.... ဘယ်ကွင်းလဲ..."

"ဟော့... ဘယ်ကွင်းလဲလို့...."

ပုံပြင်ထဲမှ လေယာဉ်ပျံကြီးကတော့ ပုံပြင်ထဲက မိုးကောင်းကင်မှာ ပျံသန်းနေဆဲ။ တိမ်နှင့်အတူ လွင့်ဝဲခြင်းဖြစ်၍ လုပမည်မှာလည်း သေချာပါ၏။

ပုံပြင်ထဲမှ လေယာဉ်ပျံကြီးကတော့ ပုံပြင်ထဲက မိုးကောင်းကင်မှာ ပျံသန်းနေဆဲ....။





ပိုင်းလော့ကြီးလည်းပါ၏။ ခရီးသည်များလည်းပါ၏။ လေယာဉ်အပျံတစ်လျှောက် စကားသံတွေက ဆူညံအုံ့သည်။

သို့သော်...

တစ်ခွန်းတည်း...။

"ဘယ်ကွင်းမှာ ဆင်းမှာလဲ....။"

## ကျွန်တော်နှင့် ဥက္ကာပျံအပိုင်းအစများ

၁။ ကျွန်တော့်မှာ နာမည်ရှိပါသည်။ သို့သော်.. ကျွန်တော့် နာမည်သည် ကျွန်တော် မဟုတ်ပါ။ ထို့ကြောင့် ကျွန်တော့် နာမည်ကို သုံးသပ်ခြင်းနှင့် ကျွန်တော့်ကို သုံးသပ်ခြင်း ကွဲပြားပါသည်။ (ကွဲပြားရပါမည်)

၂။ ကျွန်တော်သည် မလှပါ။ အကျည်းတန်ပါသည်။ ထို့ကြောင့်လည်း အလှတရားကို တန်ဖိုးထားမိပါသည်။ သို့သော် ကျွန်တော်သည် အကျည်းတန်သူဖြစ်ပါသည်။ ထို့ကြောင့် အလှတရားနှင့် မျက်နှာချင်းဆိုင် ဝေးကွာနေပါသည်။

၃။ ကျွန်တော် ဘာမှ မလုပ်ပါ။ "ဘာမှ မလုပ်သူသည် သူတောင်းစားလုပ်ရသည်" ဟူသော အဆိုရှိ၏။ ကျွန်တော် ဘာမှ မလုပ်ပါ။ သူတောင်းစားလည်း မလုပ်ပါ။ ထို့ကြောင့် ဘာမှ မလုပ်ပါ။

၄။ ကျွန်တော်သည် ဘာမှ မရှိသော အိုးတစ်လုံးဖြစ်ချင်ပါသည်။ အထဲမှာ ဘာမှ မထားချင်ပါ။ ထိုသို့ဖြင့် အများကြီးရှိနေချင်ပါတော့သည်။

၅။ ဖားဖိုကြီးထဲမှာ ဘာမှ မရှိပါ။ သို့သော်... သူ့အထဲမှာ အင်အားများစွာကို ရပါသည်။ ကျွန်တော် ဖားဖိုကြီးဖြစ်ချင်ပါသည်။ သို့သော်... ယနေ့ထက်တိုင် ဖားဖိုကို အသုံးပြုသူသာဖြစ်နေဆဲ။

၆။ မြေကြီးနှင့်ကောင်းကင် ဘယ်မှာထိကြသလဲ။ ကျွန်တော်လိုက်ရှာဖူးပါသည်။ မိုးကုတ်စက်ဝိုင်းမှာ ထိကြ၏။ အဝေးမှ မြင်ရသည်။ (အဝေးမှပင်) မြေကြီးဆီမှ ကောင်းကင်ကို ကျွန်တော် ဆွဲပင့်ဖူးသည်။ ကွဲကွာအောင် လုပ်ဖူး၏။

၇။ စကြဝဠာသည် သက်တော်ရှည်၏။ သူ့အတွက် သူရပ်တည်နေခြင်း မဟုတ်သောကြောင့်... ဟု ပြောသည်။ ကျွန်တော်လည်း ရပ်နေ၏။ သို့သော်... ရပ်နေခြင်းသာဖြစ်၏။ ကျွန်တော့်အတွက်လည်း မဟုတ်။ မည်သူ့အတွက်မှလည်း မဟုတ်။ ကျွန်တော်သည်ရော... သက်တော်ရာကျော် ရှည်မည်လော။

၈။ ကျွန်တော် ရေလိုစီးခဲ့ပါသည်။ အကွေ့အကောက်များစွာကို ဖြတ်သန်းခဲ့ပါသည်။ ကြည်လင်စွာ

စီးခဲ့ပါသည်။ သို့သော်... ကျွန်တော့်ကျောပေါ်တွင် အမိုက်သရိုက်အချို့လည်း ပါလာနိုင်ပါသည်။

၉။ ကျွန်တော်သည် စွန့်ပစ်ခြင်းကို ဝါသနာပါပါသည်။ ယူထားလျှင် ကာကွယ်စောင့်ရှောက်ရမည်။ ရန်သူတို့၏ ရန်သူဖြစ်ရမည်။ ပျင်းစရာကောင်းလိမ့်မည်။

၁၀။ ကဗျာတွေရေးမည်။ စာတွေ ရေးမည်။ သို့သော် အပိုင်လည်း ယူမထားချင်။ ပေးလိုက်မည်။

၁၁။ ခွက်လွတ်တစ်လုံးကို ကျွန်တော် ကြည့်သည်။ အထဲမှာ ဘာမှမရှိသောကြောင့် သူ ခွက်လွတ်ဖြစ်နေသည်။ ထို ဘာမှမရှိသောနေရာကပင် အသုံးဝင်လှသည်။ ကျွန်တော်လည်း "ဘာမှမရှိသော နေရာ" ဖြစ်ချင်သည်။ ဘယ်ခွက်ထဲသို့ ဝင်ရမည်နည်း။

၁၂။ ကျွန်တော် အမဲမလိုက်ချင်ပါ။ တောကစား မထွက်ချင်ပါ။ မြင်းများ၊ တောခွေးများကို ကြိုးဖြေ၍ လွှတ်လိုက်ပါသည်။ သို့သော် သူတို့က ကျွန်တော့်နောက်မှ ပြန်လိုက်လာကြ၏။

၁၃။ အတ္တရှိသူသည် ကိုယ့်ကိုယ်ကို ချစ်၏။ ကျွန်တော့်ကိုယ်က ကျွန်တော် မချစ်ပါ။ မုန်းပါသည်။ သို့သော် ကိုယ့်ကိုယ်ကို မုန်းခြင်းသည်လည်း အတ္တဖြစ်ပါသည်။ ထို့ကြောင့် ကျွန်တော် အတ္တကြီးပါသည်။

၁၄။ "လောကသစ္စာ" ကို ကျွန်တော်တွေ့ချင်ပါသည်။ သူ့နောက်ကို ကျွန်တော်လိုက်၏။ သို့သော် သူ့မှာ "ရင်ဘတ်" မရှိချေ။ "လောကသစ္စာ"ကို ကျွန်တော်လိုက် မရှာတော့ပါ။ နေရာမှာပဲ ရပ်နေလိုက်ပါသည်။ အကယ်၍ သူက ကျွန်တော့်ကို လာရှာလျှင် လွယ်ကူရန် ဖြစ်ပါသည်။

၁၅။ ကျွန်တော် လိုက်လျောတတ်ပါသည်။ လိုက်လျောညီထွေရှိနိုင်ရန် လေ့ကျင့်ခဲ့ပါသည်။ အရည်ပျော်လုဆဲဆဲ ရေခဲတုံးကဲ့သို့ပင် လိုက်လျောညီထွေ ပြုရန် အဆင်သင့်ဖြစ်နေပါသည်။ သည်းခံဖို့တော့ လိုသည်။ ကျွန်တော် နည်းနည်း အေးစက်နေပါလိမ့်မည်။

၁၆။ ကျွန်တော် ဘာကိုမှ ဆုပ်ကိုင်မထားပါ။ လက်ချောင်းတွေ ဒီအတိုင်း ရှိပါသည်။ လက်ချောင်း အချင်းချင်းလည်း ဆုပ်ကိုင် မထားပါ။ လက်ချောင်တွေ ဒီအတိုင်းရှိပါသည်။

၁၇။ သူတစ်ပါးအတွက် ကျွန်တော် လုပ်ပေးဖူးပါသည်။ ထိုသော သူတစ်ပါးက ကျွန်တော့်ကို ကျေးဇူးစကားဆိုပါသည်။ အခြားသူများကိုတော့ "သူ့ဘာသာလုပ်ခဲ့သည်" ဟု ပြောပါသည်။ ထို့ကြောင့် ကျွန်တော် သူ့ကို ကျေးဇူးစကား ပြန်ဆိုလိုက်ပါသည်။

၁၈။ "အစစ်အမှန်" များရှိကြ၍ "အတုအယောင်" များ ပေါ်လာကြပါသည်။ ကျွန်တော့်ထံတွင် "ကျွန်တော် အစစ်အမှန်" ရှိပါသည်။ ထို့ကြောင့် ကျွန်တော့်ထံတွင် "ကျွန်တော် အတုအယောင်" ကော ရှိဦးမည်လား။ စဉ်းစားရပါမည်။

၁၉။ ကျွန်တော်သည် ပညာရှင်ကြီး မဖြစ်ချင်ပါ။ အလွမ်းတွေထဲမှာ ပညာနှင့်ယှဉ်၍ ဖြစ်ပေါ်သောအလွမ်းသည် အဆိုးဝါးဆုံးဖြစ်ပါသည်။

၂၀။ ကျွန်တော်သည် ကျွန်တော်ဖြစ်ပါသည်။ ထို့ကြောင့် တခြားသူ မဟုတ်ပါ။ အခြားသူများသည်လည်း အခြားသူများသာ ဖြစ်ပါသည်။ ထို့ကြောင့် ကျွန်တော်သည် ကျွန်တော် မဟုတ်။

၂၁။ အိပ်မက်များစွာကို ကျွန်တော် မက်ဖူးပါသည်။ ထိုအိပ်မက်များကို ဖမ်းဆုပ်ကိုင်တွယ်၍ မရပါ။ ကျွန်တော် ကြိုးစားဖူးပါသည်။ ဖမ်းဆုပ်ကိုင်တွယ်၍ ရဖူးပါသည်။ သို့သော်... ထိုဖြစ်ရပ်ကပင်လျှင် နောက်ဆုံးမှာ အိပ်မက်ဖြစ်နေပါသည်။

၂၂။ ဤစာကို ကျွန်တော် ရေးပါသည်။ ရည်ရွယ်ချက် မရှိပါ။ အားလုံးဖတ်၍ ရပါသည်။ သို့သော် အားလုံးမဖတ်နိုင်အောင် ရည်ရွယ်ထားခြင်းလည်း မဟုတ်ပါ။ ကျွန်တော် ဘာသာ စာရေးခြင်းသာ ဖြစ်ပါသည်။

၂၃။ လောကီအမိုက်မှောင်ထဲမှ လွတ်မြောက်လိုကြ၏။ ချင့်ချိန်ကြည့်ရဦးမည်။ မည်သည့်အရာက ချုပ်နှောင်ထားသနည်း။

၂၄။ ခြေဖျားထောက်ပြီး ကျွန်တော် လမ်းလျှောက်ဖူးပါသည်။ သတိနှင့် ထိန်းလျှောက်ခြင်းဖြစ်၍ မလဲပါ။ သို့သော် သတိထားနေရခြင်းက ပင်ပန်းပါသည်။ ထိန်းလျှောက်ရခြင်းကြောင့်လည်း ညောင်းပါသည်။

၂၅။ ကျွန်တော် ထွက်သွားဖူးပါသည်။ ဝေးရာကို ထွက်သွားဖူးပါသည်။ မူလနေရာသို့ပင် ပြန်ရောက်လာပါသည်။ "မေမေ" ဟု ကျွန်တော် အော်ခေါ်လိုက်ပါသည်။

၂၆။ ကျွန်တော်က တိုးတိုးကလေး နေချင်ပါသည်။ ကျယ်လောင်မှုကို မနှစ်သက်ပါ။ "တိုးတိုး" လေး "အော်" တတ်သူများကိုလည်း တွေ့ဖူးပါသည်။ သူတို့ကိုလည်း မနှစ်သက်ပါ။

၂၇။ အချို့သူများသည် ကြိုးနှင့် ချည်နှောင်တတ်သည်။ ကျွန်တော် ခံရဖူးသည်။

၂၈။ သစ်ကြမ်းတုံးကြီးကို ကြည့်ပြီး ကျွန်တော်တွေးမိသည်။ ဘီလူးရုပ်၊ မင်းသမီးရုပ်၊ ကိန္နရီရုပ်၊ မည်သည့်အရုပ်ကိုဖြစ်စေ ထု၍ရသည်။ မည်သည့်အရုပ်ကို မဆို သူပေးနိုင်သည်။ သူ့မှာ တန်ခိုးများရှိနေသလား။

၂၉။ လောကကြီးကို ကျွန်တော် သိပါသလား။ ပြင်တတ်ပါသလား။ လောကကြီးအတွက် အပိုပစ္စည်း (Spare Part) ကို မည်သည့်နေရာတွင် ဝယ်ရမည်နည်း။

၃၀။ လိုအပ်လျှင်တော့ ကျွန်တော်တိုက်ပွဲဝင်မည်။ "လိုအပ်လျှင်" ဟု ကျွန်တော် စကားခံခဲ့သည်။ လိုအပ်လျှင် တိုက်မည်။ သို့သော် မလိုအပ်အောင် ကြိုးစားမည်။

၃၁။ လက်ဖက်ရည်ခွက်ထဲမှာ အမြှုပ်တွေ ရှုတ်ရှုတ်သည်းသည်း ဖြစ်နေသည်ကို ကြည့်ပြီး အချို့သော သူများကို ကျွန်တော် ငြီးငွေ့ဖူးသည်။ စစ်ကူတောင်းပြီး (ကျွန်တော်ကတော့) သူ့ရဲကောင်းမလုပ်ချင်။

၃၂။ လောကကြီးသည် ပင်လယ်ကြီးနှင့် တူပါသလား၊ ကျွန်တော်မြစ်လို စီးဆင်းသွားချင်သည်။

သို့သော် ကျွန်တော့်အတွက်တော့ မည်သူမျှ အကျိုးမကျန်ရစ်စေလိုပါ။ မြစ်ကျိုးအင်းတွေကို ကျွန်တော် မထားခဲ့ချင်ပါ။

၃၃။ အခြားသူများကို နားလည်တတ်ရန်ထက် ကိုယ့်ကိုယ်ကို နားလည်ရန် ခက်၏။ ကျွန်တော့်ကိုယ် ကျွန်တော် မကြာခဏပြောဖူးပါသည်။

"မင်း ဘာကောင်လဲ....?"

၃၄။ လွယ်အိပ်တစ်လုံးဖြစ်လိုလျှင် သူ့အတိုင်း မတ်မတ်ထောင်၍ မရ။ ကျွန်တော်သည် ဘာမှ မရှိသော အိတ်လွတ်တစ်လုံး ဖြစ်ဖူးသည်။ ထပ်မံဖြစ်ချင်စိတ်ကာ မရှိ။ နံရံ သံချိတ်တွင် တွဲလောင်းကြီးဖြစ်နေရသည်မှာ မသက်သာလှ။

၃၅။ အမှန်တရားခေါ်ရာကို ကျွန်တော်သွားမည်။ (ကျွန်တော့်ကို ဇက်ကြိုးမတပ်ဘူးဆိုလျှင်....)

၃၆။ လိုချင်လျှင် အရင်ပေးရမည်။ အိတ်ထဲတွင် ထည့်ထားမှ အိတ်က ထုတ်၍ရမည်။ တစ်ခုတော့ရှိပါသည်။ ကျွန်တော့်လက်နှင့် ထည့်ထားသော အရာများဖြစ်၍ ကျွန်တော့်လက်နှင့်ပဲ ပြန်ထုတ်လို့ရပါသည်။

၃၇။ ကျွန်တော့်မှာ နာမည်ရှိပါသည်။ ဖြစ်နိုင်မည်ဆိုလျှင် ထိုနာမည်ကို ကျွန်တော် ပြန်ရုပ်သိမ်းချင်ပါသည်။ ဘာအမည်မှ မရှိလျှင် ပိုကောင်းမည်။

၃၈။ အသီးအတွက် နေထိုင်သူသည် အပွင့်အတွက် မဟုတ်ချေ။ ပန်းသီးပင်ရှေ့မှာ ကျွန်တော်တွေဝေစဉ်းစားနေပါသည်။

၃၉။ ကျွန်တော်သည် ကျောက်စိမ်းလို တချွင်ချွင်မြည်ချင်သူ မဟုတ်။ ကျောက်ခဲလို တဝိုးဝိုးလိမ့်ချင်သည်။ လမ်းဖယ်ပေးကြစေလိုသည်။

၄၀။ အရှေ့ကို သွားဖူး၏။ အနောက်ဘက် ရောက်သွားသည်။ ခဲလုံးကို မိုးပေါ်ပစ်တင်ဖူး၏။ မြေပေါ် ပြန်ကျလာသည်။ ကျွန်တော်တစ်ယောက်တည်း အတည့်လည်း နေဖူးသည်။ ပြောင်းပြန်လည်း ဖြစ်ဖူးသည်။

၄၁။ အကျယ်ပြန့်ဆုံးသော နေရာသည် ထောင့်ချိုးများမရှိ။ ကျွန်တော်၏ ကိုယ်ရေးကိုယ်တာ ထောင့်ချိုးများသည် ကျွန်တော့် မကျယ်ပြန့်မှုကြောင့်ပဲ ဖြစ်ပါလိမ့်မည်။

၄၂။ တစ်... နှစ်... သုံး.... သူရဲကောင်းတွေလည်း ခါးကုန်းသွားသည်။

၄၃။ မြက်ပင်ကလေးများ ကြီးထွားလွန်းလျှင် သစ်ပင် နီးနီး ရှိမည်လော။ ဆရာမက ကျွန်တော့်ကို ဘာမှ ပြန်မပြောချေ။

၄၄။ ပြေးပါရစေ။ ရပ်ရမည့်နေရာကို သူသိပါသည်။ ထို့ကြောင့် အန္တရာယ်နယ်မြေဆီလည်း သူပြေးနိုင်သည်။ ရပ်ချိန်တန်လျှင် ရပ်လိမ့်မည်။ ကျွန်တော်က သူ့မိတ်ဆွေဖြစ်သောကြောင့် သောက်ရေတစ်ခွက်နှင့် စောင့်နေသည်။





၄၅။ ကျွန်တော် မက်ခဲ့ဖူးသော အိပ်မက်တို့ များလှပါပြီ။ လူငယ်တစ်ယောက်အတွက် လုံလောက်ပါပြီ။ တော်ပါပြီ။ ကျွန်တော် ပြောသော်လည်း သူတို့ မကြားကြ။ အိပ်မက်များစွာ လာမြဲလာသည်။

၄၆။ တစ်ခုပဲ လုပ်ပါ။ မြင်းလုပ်မလား။ ရထားလုပ်မလား။ ထိုသို့ပင် ကျွန်တော် မြင်းရထားကြီးကို သွားမေးဖူးသည်။

၄၇။ သိချင်၏။ ပို၍ သိချင်၏။ သို့သော် သိအောင် ကြိုးစားလေ မသိလေလေ ဖြစ်သွားသည်။ နားစွင့်ထောင်ကြည့်၏။ ဟိုး... အဝေးဆီမှ ကျွဲချိုမှုတ်သံ သဲ့သဲ့ကိုသာ ကြားရလေသည်။

၄၈။ ကျွန်တော့်မှာ ရှိသမျှ အကုန်လုံး ပျောက်ဆုံးသွားဖူး၏။ သတင်းစာထဲမှာ ကြော်ငြာ မထည့်ဖြစ်ပါ။ ကျွန်တော် ငြိမ်းချမ်းသွားပါသည်။ ဘာမှ မရှိသဖြင့် ဘာမှ လုပ်စရာမလိုတော့။

၄၉။ ကျွန်တော်က ငြိမ်းချမ်းချင်သည်။ ထို့ကြောင့်ပင် မငြိမ်းချမ်းတော့။

၅၀။ ကျွန်တော် မုဆိုးမဟုတ်ပါ။ လေးနှင့် မြားကို မထုတ်လုပ်ပါ။ အချို့နေရာများတွင် ရှိကြသော "ပစ်မှတ်"များသည် ကျွန်တော့်အတွက် မဟုတ်ကြပါ။

၅၁။ ကျွန်တော်သည် ကျွန်တော်၏ အရှင်သခင် ဖြစ်ပါသည်။ စိတ်ပျက်လက်ပျက် ခံစားရ၏။ ထိုဒုဿနအရဆိုလျှင် ကျွန်တော်သည် ကျွန်တော်၏ ကျေးကျွန် ဖြစ်နေသည်။

၅၂။ အလင်းရောင် သုံးခြင်းသည် အမြင်အာရုံကို ကြည်လင်စေသည်။ ကျွန်တော့်ကို အလင်းပေးစေလိုပါသည်။ ရှင်းအောင် ထပ်ပြောပါမည်။ အလင်းပေးစေလိုပါသည်။ အပူမတိုက်ကြပါနှင့်။

၅၃။ ဗဟိုလမ်းမကြီးများက ဖြောင့်ဖြူးညီညာလှပါသည်။ အချို့က လမ်းသွယ်ကိုမှ ကြိုက်ကြ၏။ ကျွန်တော်တို့တွေ တစ်နေရာတည်းကို ဦးတည်သွားခြင်းဖြစ်ပါသည်။ သို့သော် ကျွန်တော်နှင့် ကျွန်တော့ မိတ်ဆွေများ တစ်လမ်းစီ သွားခဲ့ကြပါသည်။

၅၄။ ကျွန်တော်က တစ်ယောက်တည်း နေတတ်ပါသည်။ အထီးကျန်သည်ဟု မခံစားရပါ။ ဤမျှသည်ပင်လျှင် များလှပါပြီ။ စည်ကားလှပါပြီ။

၅၅။ လိုချင်သောအခါ ကောက်ယူရ၏။ မလိုချင်တော့သောအခါ ပြန်လွှင့်ပစ်ရ၏။ အစတည်းက မယူခဲ့လျှင် အကောင်းသား။ အခုတော့ "အား" နှစ်ခါ ကုန်ရသည်။

၅၆။ ကျွန်တော့်ကို ဘယ်သူချည်နှောင်ခဲ့သည် မသိ။ ဘယ်တုန်းက ချည်နှောင်ခဲ့သည် မသိ။ ကျွန်တော့်မှာ ဖြည်လိုက်ရတာ။ (ခုတိုင်... မလွတ်မြောက်သေး)

၅၇။ သာမန်လူပဲ ဖြစ်ချင်သည်။

၅၈။ အစွန်းမရောက်အောင်တော့ ကိုယ့်ကိုယ်ကို ထိန်းနိုင်ပါပြီ။ သူများအစွန်းနှင့် လွတ်အောင်တော့ ကိုယ်မနေတတ်သေး။ ကောင်းကင်နှင့် မြေကြီးကြားညပ်နေသော ကောင်လေးကို

ဆွဲထုတ်ပေးကြပါ။

၅၉။ ကျွန်တော့်ကိုယ် ကျွန်တော် ဖွင့်ချထားပါသည်။ ဘောင်တစ်ထုထဲမှာ ပိတ်မထားပါ။ အကန့်အသတ်မဲ့သွားပါသည်။ ထို "အကန့်အသတ်မဲ့မှု"သည် ကျွန်တော်မျှော်လင့်သည့် အရာများအတွက်တော့ "တိကျမှု"ပဲ ဖြစ်ပါသည်။

၆၀။ ကိုယ့်ကိုယ်ကို ဒိုင်းနှင့်ကာထားပြီးမှ သူတစ်ပါးကို ဓားနှင့်ရွယ်ရဲသူ၊ ထိုလူနှင့် ကျွန်တော် လမ်းမတူ။

၆၁။ ကျွန်တော့်ကို ရိုကျိုးနိမ့်ချစွာ ဆက်ဆံလာသူများရှိပါသည်။ ကျွန်တော်က ဘာကောင်မှ မဟုတ်၍ သူတို့ အရှုံးထွက်ကြလိမ့်မည် ထင်သည်။ တစ်ခုတော့ရှိသည်။ အချို့လူများသည် "လိုအင်" တစ်ခုအတွက် နိမ့်ချခြင်း မဟုတ်။ သဘာဝအတိုင်း နိမ့်ချခြင်းသာဖြစ်သည်။ သူတို့ကတော့ မြတ်လိမ့်မည်။

၆၂။ မည်သူကိုမဆို မည်သည့်အရာကိုမဆို အပြစ်ရှာလျှင် တွေ့နိုင်ပါသည်။ "အဲဒီခေတ် ကုန်သွားပြီ"ဟု ကျွန်တော်နှင့် သူငယ်ချင်းတစ်ဦး ရယ်ပွဲဖွဲ့ခဲ့ဖူး၏။ ကျွန်တော်တို့ "အပြစ်"မရှာတော့ပါ။ "အဖြေ"ကိုသာ ရှာပါတော့သည်။

၆၃။ ပညာရှိများသည် သေးဖွဲသော အရာများမှာပင် အခက်အခဲတွေကို ရှာတွေ့တတ်သည်။ ကျွန်တော်က ပညာရှိ မဟုတ်။ ထို့ကြောင့် အခက်အခဲတွေကို အသေးအဖွဲဟု သဘောထား၏။ "ခံရမှ သိမယ်…"ဟု ချစ်သူက ပြောသည်။ သို့သော် မခံစားရသေး၍ မသိသေး။ ချစ်သူကို ရယ်ပြခဲ့သည်။

၆၄။ ကျွန်တော့်ထံမှ ထိုအရာများ လွတ်ကျမည်ကို ကျွန်တော် စိုးရိမ်၏။ ဆုပ်ကိုင်ထားရန် ငြင်းလိုက်ပြီး။ လွတ်ကျမှာကို ကြောက်စရာ မလိုတော့။

၆၅။ "ပြီးတာတွေ ပြီးပါစေ"ဟု သမားတော်က ကျွန်တော့်စိတ်ကို ကု၏။ ဝေဒနာပျောက်သောအခါ ကျွန်တော် သူ့ကို ဆေးဖိုးဝါးခမပေး။ သူ ဒေါသထွက်သောအခါ "ပြီးတာတွေ ပြီးပါစေ"ဟု ကျွန်တော် ပြန်ဖျောင်းဖျလိုက်၏။ ကြေပြီ။

၆၆။ ခက်သည်က ကမ္ဘာမြေကြီးကို ကျွန်တော့်ကြောင့် မလေးစေချင်ခြင်းဖြစ်သည်။ "လေထဲမှာ ပျံနေပေါ့…"ဟု ညီမလေးက နောက်၏။ ခက်သည်က လေထုကြီးကိုလည်း ကျွန်တော့်ကြောင့် မလေးစေချင်။ ကိုယ့်ကိုယ်ထဲကိုသာ ပြန်ကြုံ့ဝင်မိသည်။

၆၇။ "ဘဝဆိုတာ တိုက်ပွဲ"ဟု လက်သီးလက်မောင်းတန်းကာ တချို့က ဆို၏။ ကိုယ်စီကိုယ်စီ လက်နက်ရှာကြ၏။ ကျွန်တော်ကတော့ ဘဝဆိုတာ ဘာမှမဟုတ်ဟု ပြောလိုက်၏။ ဘာကိုမှလည်း မရှာ။ တစ်ခါတစ်ခါ ကျွန်တော်သည် ရယ်ကျဲကျဲလုပ်လေ့ရှိ၏။

၆၈။ အချို့လူများ ကျွန်တော့်ကို ရှေ့မှာထား၏။ အချို့လူများ ကျွန်တော့်ကို ကျော်တက်သွား၏။ ချောက်ကမ်းပါးကို ရောက်မှ ကြောက်အားနှင့် လှည့်ပြန်။ ကျွန်တော်နှင့်တစ်ဖန် လူချင်းလဲကြပြန်၏။

၆၉။ အောင်မြင်ကြပါစေ။ သို့သော် အောင်မြင်ခြင်းသည် ငြိမ်းချမ်းခြင်းမဟုတ်။ ခွင့်လွှတ်ခြင်းကသာ ငြိမ်းချမ်းခြင်းဖြစ်သည်။ အဖော်မပါလည်း တစ်ယောက်တည်း ရပ်တည်မည်။ ခွင့်လွှတ်ခြင်းဖြင့် ငြိမ်းချမ်းမည်။

၇၀။ အကျီကို ကျောက်ပြားနှင့် ရိုက်လျှော်လိုက်၏။ ကိုယ့်ကိုယ်ကိုရော ဘာနှင့်ရိုက်လျှော်မည်လဲ။

၇၁။ မသိချင်ပါ။ ဘာကိုမှ မသိချင်ပါ။ ဘာကိုမှ မသိဘူးဆိုတာကိုလည်း ပြန်မသိချင်ပါ။

၇၂။ သူ့ကိုယ်သူတော့ ချစ်လိမ့်မည်။ ထိုမိန်းမကြီးကို ကြည့်ပြီး ကျွန်တော် စဉ်းစားနေသည်။ သူ့ကိုယ်သူ ချစ်တာနှင့်ပင် သူတစ်ပါးကို မုန်းရမည်လား။ တစ်စုံတစ်ရာကတော့ "မတရား"ဟု ထင်မိသည်။

၇၃။ ကောင်းကင် ကွန်ယက်က ကြီးသည်။ ကွန်ပေါက်တွေလည်း ကျယ်သည်။ သို့သော် မည်သည့်အရာမှ ထွက်ကျမသွား။ ထိုသို့ဖြင့် ဒလိမ့်ကောက်ကွေးပါသွားရပြီ။

၇၄။ ကျွန်တော် မကြည့်ချင်သော ယောင်းမများကို ထိုသစ်သားတုံးကြီးမှ ထုတ်လုပ်၏။သစ်သားတုံးများကို မခုတ်ပါ။ လက်သမား၏ လက်ကိုသာ ခုတ်ရမည်။ ကျွန်တော့်ဓားတွေကို ထွေရာလေးပါး ဝှေ့ယမ်းနေမိသည်။

၇၅။ သူဌေးကြီးလက်ထဲမှ ပြားစေ့သည်လည်း သူတောင်းစားလက်ထဲမှ ပြားစေ့နှင့် တန်ဘိုးညီသည်။

၇၆။ ကျွန်တော် စိုက်သော နှင်းဆီပင်ကလေး သေသွားပြီ။ ခြောက်သွေ့သွားပြီ။ ကျွန်တော်က ရှင်သန်ရဦးမည်ဖြစ်၏။ လောကကြီးမှာ စိမ့်စိုရပ်တည်ရချေဦးမည်။

၇၇။ လောကသည် လေးကိုင်းပမာရှိ၏။ ရှန်းပင့်ဆွဲယူခြင်းကို ခံရသောအခါ မြင့်သော အကိုင်းက ညွှတ်ဆင်းသွားသည်။ နိမ့်သောအပိုင်းက ခုံးမောက်သွားသည်။

၇၈။ ဘဝမှာ လေပြည်ကိုချည်း မျှော်လင့်စရာမလိုပါ။ မုန်တိုင်းမှာလည်း အောက်စီဂျင်ပါလေသည်။

၇၉။ နိုးနိုးကြားကြားတော့ မအိပ်ချင်ပါ။ အိမ်မည့်အိပ် ပျော်အောင်ပဲ အိပ်ပါတော့မည်။

၈၀။ "….  …."ကိုပဲ ယူပါမည်။ သံချပ်ကာ အရေခွံကြီးကို ထားခဲ့ပြီ။

၈၁။ မုန်သောစကားသည် အသံထွက်ချိုသာခြင်း မရှိ။ သို့သော်လည်း မုန်သည့်အတိုင်း ဝန်ခံခဲ့ပါမည်။ သင့်အထင် မှန်ပါသည်။ ကျွန်တော်သည် စုန်းပြူးတစ်ကောင် ဖြစ်ပါသည်။

*******************************************************************